ခန္တီ စ တော် မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏ ။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၅၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား(ကလေးဝ)ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ၏ဦးဆောင်မှုအောက်တွင် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက် လမ်းသစ်၊တံတားသစ်များပေါ်ထွက်၊ ပြည်သူများစီးပွားရေးဘဝတောင့်တင်းခိုင်မာလာ အမျိုးသားညီလာခံအပါအဝင် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ တက်ညီလက်ညီပူးပေါင်းအကောင်အထည်ဖော်

ရန်ကုန် ဇွန် ၁၂

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် ကလေးဝမြို့အဝင် ကလေး–မုံရွာကားလမ်းပေါ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့သော မြစ်သာတံတား(ကလေးဝ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတို့ တက်ရောက်ချီးမြှင့်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

မြစ်သာတံတား (ကလေးဝ)

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် ကလေးဝမြို့အဝင် ကလေး–မုံရွာ ကားလမ်းပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ခဲ့သော မြစ်သာတံတား(ကလေးဝ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

တာဝန်သိမှု၊ တာဝန်ရှိမှု၊ သစ္စာရှိမှုတို့ဖြင့် မူဝါဒလမ်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်

ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်ကြသည်။ အခြေခံအဆောက်အအုံ တောင့်တင်းခိုင်မာမှုသာ အမျိုးသားစီးပွားရေးဘဝကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည် ဖြစ်သည်။

နိုင်ငံတော်က အခြေခံအဆောက်အအုံများကို တည်ဆောက်နေဆဲကာလ၌ပင် ကာလတိုစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ နှစ်စဉ် စီမံကိန်းရည်မှန်းချက်ထက် ကျော်လွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ တတိယကာလတို ငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေး ဆက်လက်ဖွံ့ဖြိုးလာစေရန်အတွက် ၂၀၀၁–၂၀၀၂ ခုနှစ်မှ ၂၀၀၅–၂၀၀၆ ခုနှစ်အထိ တတိယကာလတို ငါးနှစ်စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်း၏ ရည်မှန်းချက်များအဖြစ်–

- **လယ်ယာစိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများတိုးချဲ့ရေး၊**
- **အထွေထွေ အခြေခံစက်မှုလုပ်ငန်းများတိုးချဲ့ရေး၊**
- **စက်မှုလုပ်ငန်းတိုးချဲ့မှုနှင့်အတူ လိုက်လျောညီထွေမှုရှိစေရေးအတွက် လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး၊**
- **လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍများတွင် ပြည်တွင်းသုံးစွဲမှု ဖူလုံရေးနှင့် ပြည်ပပို့ကုန် တင်ပို့နိုင်ရေးအတွက် တိုးချဲ့ဆောင်ရွက်ရေး၊**
- **အခြားကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊**
- **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊**
- **ကျေးလက်ဒေသဖွံ့ဖြိုးရေး**

တို့ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

စီမံကိန်းအကောင်အထည်ဖော်မှုအရှိန်ရလာသည်နှင့်အမျှ စိုက်ပျိုးရေးအပြင် စက်မှုနှင့် အခြားစီးပွားရေးကဏ္ဍများလည်း ဖွံ့ဖြိုးစပြုလာပြီ ဖြစ်သည်။ နိုင်ငံတော်တွင် စက်မှုဇုန် ၁၉ ဇုန် ဖွဲ့စည်းနိုင်ခဲ့ပြီး စက်မှုဇုန်နှင့် စက်မှုဇုန်ပြင်ပများ၌ပါ စက်ရုံအလုပ်ရုံပေါင်း တစ်သိန်းအထိ ကျယ်ပြန့်စွာတည်ရှိလာခဲ့သည်။

စက်မှုလုပ်ငန်းများ တိုးတက်များပြားလာသည့်အပြင် အခြားစီးပွားရေးလုပ်ငန်းများနှင့် လူမှုရေးလိုအပ်ချက်များကြောင့် ၁၉၈၈ ခုနှစ်က လျှပ်စစ်ထုတ်လုပ်နိုင်မှု ကီလိုဝပ် နာရီသန်းပေါင်း ၂၀၀၀ ကျော်သာရှိခဲ့ရာမှ ၂၀၀၂–၂၀၀၃ ခုနှစ်တွင် ကီလိုဝပ် နာရီသန်းပေါင်း ၅၀၀၀ ကျော် ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ရသည်။

၂၀၀၄ နှစ်မှစတင်၍ စက်မှုကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်ရေး၊ စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်လျက် ရှိသည်။

ဇွန်လ ၉ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပသော မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကား မြွက်ကြားရာ၌–

> **"ယနေ့နိုင်ငံတော်သည် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတွင် သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေးအတွက် အစွမ်းကုန်ဆောင်ရွက်နေရသည့် ကာလဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် မျက်မှောက်ခေတ် မြန်မာ့ရေးရာကိုရှုမြင်သုံးသပ်လျှင် အတိတ်၏ဆိုးမွေကြောင့် တင်ရှိနေသည့် ခေတ်နောက်ကျမှုအကြွေးကို ပေးဆပ်နေရခြင်းနှင့် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံနေရခြင်းအဖြစ် မြင်တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု၊ ငြိမ်းချမ်းမှုမှသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်အထိ ကျယ်ဝန်းသည့် လုပ်ငန်းစဉ်များကို မိမိပြည်တွင်းစွမ်းအားဖြင့် တည်ဆောက်နေကြောင်း"**

လမ်းညွှန် မိန့်ကြားခဲ့သည်။

နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးရေးအခြေခံမူသည် နိုင်ငံတစ်ဝန်းလုံးညီမျှသည့် ဖွံ့ဖြိုးရေးကို ရှေးရှုထားသည်။ တစ်နိုင်ငံလုံးတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုသတ်မှတ်ပြီး အခြေခံလိုအပ်ချက်များကို တည်ဆောက်လျက်ရှိသည်။ နိုင်ငံ၏ လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသ၏ အခြေခံလိုအပ်ချက်များကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် အမျိုးသားရေး မျှော်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အမျိုးသားရေးတာဝန်များကို အဟန့်အတားမဖြစ်စေရန် ကာကွယ်ကြရန်လိုအပ်သည်။

သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်များအနေဖြင့် ယနေ့တည်ဆောက်နေသည့် မူဝါဒလမ်းစဉ်များကို တာဝန်သိမှု၊ တာဝန်ရှိမှု၊ အမျိုးသားရေးအပေါ်သစ္စာရှိမှုတို့ဖြင့် ချဉ်းကပ်ပြီး လုပ်ငန်းစဉ်များအောင်မြင်သည်အထိ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၃–၆–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"အမှောင်ငါးစင်း အလင်းငါးချက်"**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Olympic Games (အင်္ဂလိပ်စာအထူးပြုအားလုံး)
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်ကိုင်အိတ် ဒီဇိုင်းအဆန်းနဲ့အရမ်းကိုလှ"** (အပိုင်း–၁၁)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ လျှပ်တစ်ပြက်
- ၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားခဲ့သမား"**(အပိုင်း–၉)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မြန်မာနိုင်ငံဆိုင်ရာ မဲခေါင်ဒေသဖွံ့ဖြိုးရေး ထောက်ပံ့မှုပေးရေး ရင်းနှီးစွာဆွေးနွေး

ရန်ကုန် ဇွန် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများအား ယမန်နေ့ နံနက်ပိုင်းက ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Asian and Oceanian Affairs Bureau မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Shinichi Nishimiya ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၄ ဦးပါဝင်သော Policy Dialogue Mission on Mekong Region Development သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံဆိုင်ရာ မဲခေါင်ဒေသ ဖွံ့ဖြိုးရေးထောက်ပံ့မှု ကူညီပေးရေးကိစ္စ၊ East-West Economic Cornidor ဆိုင်ရာကိစ္စများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းဆိုင်ရာ ကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သီတာဦးစံပြရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၆ ရက်က အသင်းဆိုင်တွင်ကျင်းပရာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးကျော်ဖြူ အမှာစကားပြောကြားစဉ်။ (၁၉၂)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဖူးမြော်ကြည်ညို တပ်မတော်စစ်သမိုင်းပြတိုက်နှင့် လော်ကားဥယျာဉ်တို့သို့သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် ဇွန် ၁၂

အမျိုးသားညီလာခံသို့တက်ရောက်လျက်ရှိကြသော အစုအဖွဲ့များမှ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး တပ်မတော်စစ်သမိုင်းပြတိုက်နှင့် လော်ကားဥယျာဉ်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့တက်ရောက်လျက်ရှိကြသော အစုအဖွဲ့များမှ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေးဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၇ နာရီတွင် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များအား စေတီတော်ရင်ပြင် တနင်္ဂနွေထောင့်ရှိ မြနန်းစံကျော်၊ ရွှေနန်းတော် နန်းဦးဘုရားကြီးတန်ဆောင်း၌ တာဝန်ခံအလှည့်ကျ ဂေါပက ဦးခင်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်မြတ်သမိုင်းနှင့် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်သမိုင်းကို အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးခင်မောင်ဝင်းက ရှင်းလင်း ပြောကြားသည်။

အလှူငွေပေးအပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်တွင် ဘက်စုံမွမ်းမံပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုများနှင့် တိလောကမာရဇိန် ဘိလပ်ပြန်နန်းဦးဘုရားကြီးသမိုင်းကို ဂေါပကအဖွဲ့ဝင် ဦးအောင်ဆုက ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များက အလှူငွေစုစုပေါင်း ကျပ် ၁၂၂၇၂၀ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ထို့အပြင် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များအား ဂေါပကအဖွဲ့က ဘုံပျံဆရာတော်ဦးပညာသာမိ ရေးသားစီစဉ်သည့် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးသမိုင်းစာအုပ်များကို တစ်ဦးချင်းပေးအပ်သည်။

ဖူးမြော်ကြည်ညို

ထို့နောက် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် ဂန္ဓကုဋိတိုက်အတွင်းရှိ မြတ်စွာဘုရား၏ ဆံတော်မြတ်အား ဖူးမြော်ကြည်ညိုပူဇော်ကြပြီး စေတီတော်အား လက်ယာရစ်လှည့်လှည်ဖူးမြော်ကြည်ညိုကြသည်။

တပ်မတော်သမိုင်းပြတိုက်

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့သွားရောက်ကြည့်ရှုလေ့လာကြရာ စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက်အဝင်ခန်းမ၌ ဦးစီးအရာရှိ (ဒုတိယတန်း) ဗိုလ်မှူးကျော်ကျော်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် တပ်မတော်စစ်သမိုင်းပြတိုက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် တပ်မတော်စစ်သမိုင်းပြတိုက်အတွင်းခင်းကျင်းပြသထားသော စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး ပြခန်းများ၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ ဦးတည်ချက် (၁၂)ရပ်ပြခန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးကြိုးပမ်းမှုပြခန်း၊တပ်မတော်(ရေ)ပြခန်း၊ တပ်မတော်(လေ)ပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများ ပြခန်းများ၊ တိုင်းစစ်ဌာနချုပ် ပြခန်းများ၊ ဝန်ကြီးဌာနအသီးသီးပြခန်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြခန်းနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပြခန်းတို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တပ်မတော် စစ်သမိုင်းပြတိုက်တွင် လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

လော်ကားဥယျာဉ်

ဆက်လက်၍အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် ရန်ကုန်(မြောက်ပိုင်း)ခရိုင်ရှိ လော်ကားဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာသစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိန်၊ လော်ကားဥယျာဉ် အုပ်ချုပ်ရေးမှူး ဒေါက်တာမြင့်စိန်နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီးသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးပြခန်း၌ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးမြင့်စိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့်လော်ကားဥယျာဉ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးပြခန်း၊ လော်ကားတိရစ္ဆာန်ဥယျာဉ်ငယ်အတွင်းရှိ ငှက်ရုံ၊ မိကျောင်းကန်၊ ဝက်ဝံကျုံး၊ ကျားသစ်ကျုံးနှင့် ငှက်ပြတိုက်တို့ရှိ တိရစ္ဆာန်များနှင့် အင်ကျားတို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် မော်တော်ယာဉ်များဖြင့် လော်ကားဥယျာဉ်အတွင်း လိုက်လံကြည့်ရှု လေ့လာကြပြီး နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လော်ကားဥယျာဉ်မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များအား မောဟမျဉ်းပြိုင်များရုပ်ရှင်ဖြင့်ဖျော်ဖြေတင်ဆက်

ရန်ကုန် ဇွန် ၁၂

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇ နာရီမှစတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ဖျော်ဖြေတင်ဆက်

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာ မောင်မောင်ဦး (စနိုးဝှိုက်)ရိုက်ကူးပြီး သရုပ်ဆောင် ကျော်ဟိန်း၊ ရန်အောင်၊ နိုင်းနိုင်း၊ ထက်ထက်မိုးဦးတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် “မောဟမျဉ်းပြိုင်များ” ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား သွားရောက်ဖြေဖျော်ခဲ့သည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် အနုပညာရှင်များ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အမျိုးသားညီလာခံကိုယ်စားလှယ်များအား သွားရောက်ဖြေဖျော်ခဲ့ကြသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် အနုပညာရှင်များဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ကျင်းပရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များနှင့် အနုပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်**(အပေါ်ပုံ)**က ရုပ်ရှင်အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ပြီး ရုပ်ရှင်အနုပညာရှင်များကိုယ်စား အကယ်ဒမီထွန်းထွန်းဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်သံကျွမ်းကျင်(၂)ရာထူး ရေးဖြေစာမေးပွဲ စစ်ဆေးမည့်နေ့ရက်ကြေညာ

ရန်ကုန် ဇွန် ၁၂

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-4 အတွက် ခေါ်ယူထားသော ရုပ်သံကျွမ်းကျင်(၂) (လစာ နှုန်းကျပ် ၅၄၀၀–၁၀၀–၅၉၀၀)ရာထူး ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၂၀၀၄ခုနှစ် ဇွန် ၂၇ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ဉာဏ်စမ်းဘာသာရပ်များကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ခုံအမှတ်(၁)မှ (၈၅၀)အထိ အထက (၁)စမ်းချောင်း ရန်ကုန်မြို့၌ လည်းကောင်း၊ ခုံအမှတ် (၈၅၁)မှ(၂၃၆၄)အထိ အထက(၂)စမ်းချောင်း ရန်ကုန်မြို့၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

မိမိဖြေဆိုရမည့် ခုံအမှတ်များကို ၂၀၀၄ခုနှစ် ဇွန် ၁၄ ရက်မှ ၂၁ ရက် အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ကိုယ်တိုင်လာရောက်သတင်းပို့ပြီး ရယူရမည်ဖြစ်သည်။

စာမေးပွဲ လာရောက်ဖြေဆိုသူများသည် စာမေးပွဲဖြေဆိုမည့်နေ့တွင် ပညာအရည်အချင်း အောင်လက်မှတ်မူရင်း၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ကြောင်း၊ စာမေးပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရုံးချုပ်)ဖုန်း–၅၃၇၆၈၅ နှင့် ဖုန်း–၅၂၇၁၂၂၊ လိုင်းခွဲ(၁၄၄/၁၄၅/၄၀၅)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံခြားတပ်ဖွဲ့များ အမြန်ရုပ်သိမ်းခြင်းသည် အီရတ်နိုင်ငံတည်ငြိမ်ရေးအတွက် အကောင်းဆုံးဖြစ်

မက်ဒရစ် ဇွန် ၁၁

အီရတ်နိုင်ငံတွင် စပိန်စစ်ဘက်ဆိုင်ရာ ထပ်မံရှိနိုင်မည့် အလားအလာကို စပိန်နိုင်ငံခြားရေးဝန်ကြီးမီဂျယ်အိန်ဂျယ်မိုရာတီနော့စ်က ဗုဒ္ဓဟူးနေ့တွင် ပယ်ချလိုက်သည်။ စပိန်နိုင်ငံ၌ အလည်ရောက်ရှိနေသော ခရိုအေးရှားနိုင်ငံခြားရေးဝန်ကြီး မီအိုမီယာဇူဇူလ်နှင့် ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းပွဲတွင် မိုရာတီနော့စ်က အီရတ်နိုင်ငံတည်ငြိမ်ရေးလုပ်ငန်းစဉ် အရှိန်ရစေရန်အကောင်းဆုံးနည်းမှာ နိုင်ငံခြားတပ်များ အမြန်ဆုံးရုပ်သိမ်းရေးပင်ဖြစ်သည်ဟု ပြောကြားသည်။

အီရတ်နိုင်ငံတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)ပါဝင်စွက်ဖက် မှုသည်အမှားဖြစ်မည်။ အကယ်၍ နေတိုးက ပါဝင်စွက်ဖက်လျှင်သော်မှ စပိန်နိုင်ငံက မည်သည့် စပိန်တပ်ဖွဲ့ကိုမျှ စေလွှတ်မည်မဟုတ်ကြောင်း မိုရာတီနော့စ်က ပြောကြားသည်။

စေလွှတ်

အီရတ်ပြန်လည်တည်ဆောက်ရေးတွင် နေတိုးအဖွဲ့ ပါဝင်ရန် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ဗုဒ္ဓဟူးနေ့၌ တိုက်တွန်းခဲ့သည်။ လောလောဆယ်၌ အီရတ်တွင်နေတိုး၏အခန်းကဏ္ဍမရှိသော်လည်း နေတိုးအဖွဲ့ဝင်အချို့က အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ထားခဲ့သည်။

အကယ်၍ ဤကိစ္စကို နေတိုးမဟာမိတ်အဖွဲ့က ဆွေးနွေးမည်ဆိုလျှင် စပိန်က ကန့်ကွက်မည်မဟုတ်သော်လည်း စပိန်တပ်ဖွဲ့ပါဝင်မည်မဟုတ်ကြောင်း မိုရာတီနော့စ်က ပြောကြားသည်။ စပိန်နိုင်ငံသည် အီရတ်တွင်ယင်း၏တပ်ဖွဲ့ တည်ရှိမှုလုံးဝရုပ်သိမ်းပြီးဖြစ်သည်။

ထောက်ခံ

စပိန်ကာကွယ်ရေးဝန်ကြီးဂျို့စ်ဘိုနိကလည်း စပိန်နိုင်ငံသည် အီရတ်ဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက်သစ်ကို ထောက်ခံကြောင်း၊ အီရတ်နယ်မြေပေါ်တွင် နိုင်ငံရေးနှင့်စစ်ရေးအခြေအနေကိုကုလသမဂ္ဂအဖွဲ့အစည်းက ထိန်းချုပ်ရန် စပိန်၏တောင်းဆိုချက်သည် မပြည့်ဝခဲ့ကြောင်း ပြောဆိုသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် လုံခြုံရေးစောင့်ကြပ်နေသောအီရတ်ခေါင်းဆောင်အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျားများကို ဇွန် ၁၁ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ– အင်တာနက်)

ဆေးကုသမှုခံယူ

နာဂျက်ဖ်မြို့တွင် တိုက်ပွဲများဖြစ်ပွားစဉ် ဒဏ်ရာရရှိခဲ့သော အီရတ်အမျိုးသားတစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို ဇွန်၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ကို တညီတညွတ်တည်းအတည်ပြုမှု ရှေ့သို့လှမ်းသောအဓိကခြေလှမ်းဖြစ်ဟု ရုရှားသမ္မတပြောကြား

ဆာဗင်နာ ဇွန် ၁၀

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ကို တညီတညွတ်တည်း အသိအမှတ်ပြု ပြဋ္ဌာန်းခဲ့ခြင်းသည် ရှေ့သို့လှမ်းသော အဓိက ခြေလှမ်းတစ်လှမ်းဖြစ်သည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

ဆီးအိုင်းလင်းတွင် အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်နှင့် ဆွေးနွေးပြီးနောက် သတင်းထောက်များကို ပြောကြားရာ၌ ထိုသို့ဗလာဒီမာပူတင်က ပြောကြားလိုက်ခြင်းဖြစ်သည်။

သမ္မတပူတင်သည် အင်္ဂါနေ့ညနေပိုင်း၌ သုံးရက်ကြာ စတင်ကျင်းပသော ဂျီ–၈ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်ရှိ ဆီးအိုင်းလင်းသို့ အင်္ဂါနေ့က ရောက်ရှိခဲ့သည်။

ဤသည်မှာ အီရတ်နိုင်ငံအနေအထားတွင် အရည်အသွေးရှိသော ပြောင်းလဲမှုတစ်ရပ်ဖြစ်ကြောင်း သမ္မတပူတင်က ပြောဆိုသည်။

ဤဆုံးဖြတ်ချက်ကို ချမှတ်ပြဋ္ဌာန်းခြင်းဖြင့် အီရတ်ပြည်သူများသည် အချုပ်အခြာအာဏာပိုင်ခွင့်များ၏ ကျယ်ပြန့်မှုရှိသော အစီအစဉ်များကို ရရှိခံစားကြရမည်ဖြစ်သည့်ပြင် ကမ္ဘာ့အသိုင်းအဝန်းသည် အီရတ်၌ အဓိကသြဇာရှိသော အခန်းကဏ္ဍမှ ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ ကူဝိတ်နှင့် အီရန်နှစ်နိုင်ငံ လက်မှတ်ရေးထိုး

ကူဝိတ်စီးတီး ဇွန် ၁၀

ကူဝိတ်နှင့် အီရန်နိုင်ငံတို့သည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို ခုနစ်ကြိမ်မြောက် ကူဝိတ်–အီရန်ပူးတွဲ ကော်မတီအစည်းအဝေးအပြီး ဗုဒ္ဓဟူးနေ့၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

နှစ်နိုင်ငံဆွေးနွေးပွဲများသည် အကောက်ခွန်၊ စွမ်းအင်၊ ကုန်သည်ကြီးများအသင်း၊ ဗဟိုဘဏ်၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ လူထုဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်းတို့ကို အဓိကထား ဆွေးနွေးခဲ့ကြပြီး ကော်မတီဆွေးနွေးချက်များ အကောင်အထည်ဖော်ရေးကို အချိန်ဇယား သတ်မှတ်ခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာရပ်သတင်းထောက်ဆိုသူ လေးဦးအား အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထား

ဘဂ္ဂဒက် ဇွန် ၁၁

ဘဂ္ဂဒက်ရှိ အမေရိကန်နှင့်အပေါင်းပါဌာနချုပ်ရုံးသို့ ဝင်ရောက်ရန် ကြိုးစားခဲ့သည့် သတင်းထောက်ဟုဆိုသူ အာရပ်လူမျိုးလေးဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်ကြောင်း အမေရိကန်စစ်ဘက်မှ အရာရှိကြီးတစ်ဦးက ပြောကြားသည်။

ဖမ်းဆီး

ဘဂ္ဂဒက်ရှိ အမေရိကန်နှင့် အပေါင်းပါဌာနချုပ်ရုံးပြုလုပ်ထားသည့် ဟိုတယ်အတွင်း အဆိုပါအာရပ်လူမျိုး သတင်းထောက်လေးဦးကို ပေါက်ကွဲစေသည့်ပစ္စည်းများနှင့် တွေ့ရှိသဖြင့် မိမိတို့ ဖမ်းဆီးထားကြောင်း အမေရိကန်စစ်ဘက်အရာရှိကြီးများနှင့် အီရတ်အရာရှိများကို သတင်းစာ ရှင်းလင်းပွဲ၌ အမေရိကန်နှင့် အပေါင်းပါဌာနချုပ်ရုံး၏ လုံခြုံရေးအရာရှိတစ်ဦးဖြစ်သည့် အဆိုပါအရာရှိက ပြောကြားသည်။

ဝင်ရောက်

အဆိုပါ အာရပ်လေးဦးသည် အပြည်ပြည်ဆိုင်ရာ ရုပ်မြင်သံကြားကုမ္ပဏီတစ်ခု၏ ဝန်ထမ်းကတ်များကိုတပ်ဆင်ကာ အမေရိကန်နှင့် အပေါင်းပါဌာနချုပ်ဝင်းအတွင်းသို့ ကားတစ်စီးကို မောင်းနှင်ကာ ဝင်ရောက်ရန် ကြိုးစားခြင်းကြောင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက် အရာရှိက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

လော့စ်အိန်ဂျလိစ်တိုင်းမ်ကောက်ယူသော လူထုသဘောထားစစ်တမ်း ဒီမိုကရက်တစ်အမတ်ဂျွန်ကယ်ရီက လက်ရှိသမ္မတဘုရှ်အပေါ် ဦးဆောင်

ဝါရှင်တန် ဇွန် ၁၁

ဒီမိုကရက်တစ်အမတ် ဂျွန်ကယ်ရီသည် လူထုသဘောထားစစ်တမ်းကောက်ယူမှုတွင် လက်ရှိအမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်အပေါ် ကျစ်လစ်ခိုင်မာစွာ ဦးဆောင်ထားကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာက ကြာသပတေးနေ့၌ ဖော်ပြလိုက်သည်။

လူထုသဘောထားစစ်တမ်းကို စနေနေ့မှ အင်္ဂါနေ့အထိ မှတ်ပုံတင် မဲဆန္ဒရှင် ၁၂၃၀အား ပြုလုပ်ခဲ့ရာတွင် မက်ဆက်ချူးဆက်အထက်လွှတ်တော်အမတ် ကယ်ရီက ဘုရှ်အား ၅၁၊ ၄၄ရာခိုင်နှုန်းဖြင့် ရှေ့က ဦးဆောင်ခဲ့သည်ကို တွေ့ရသည်။

လော့စ်အိန်ဂျလိစ်တိုင်းမ်က ပြုလုပ်ခဲ့သော လူထုသဘောထားစစ်တမ်းတွင် မဲဆန္ဒရှင်အများက ဘုရှ်၏စီးပွားရေးနှင့် အီရတ်ကိစ္စတို့၌ ကိုင်တွယ်ဆောင်ရွက်မှုကို ထောက်ခံမှုမရှိခဲ့ကြဟု သိရသည်။

လူထုသဘောထားစစ်တမ်း ကောက်ယူခဲ့သူများ၏ ၅၆ရာခိုင်နှုန်းက ဘုရှ်၏မူဝါဒများသည် တိုင်း ပြည်တိုးတက်မလာခြင်းကြောင့် အမေရိကန်သည် လမ်းကြောင်း သစ်တွင် လျှောက်လှမ်းရန် လိုအပ်ကြောင်း ပြောဆိုခဲ့ကြသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အီရတ်ကိစ္စကို ဘုရှ် ကိုင်တွယ်ပုံအား ထောက်ခံမှုမရှိသူ ၅၅ရာခိုင်နှုန်းရှိပြီး ၄၄ရာခိုင်နှုန်းကသာ ဘုရှ်၏လုပ် ဆောင်ချက်အပေါ် ထောက်ခံအတည်ပြုကြသည်။ စီးပွားရေးနှင့်ပတ်သက်၍ ၅၄ ရာခိုင်နှုန်းက ဘုရှ်ကိုထောက်ခံအတည်ပြုခြင်းမရှိပေ။ **အမ်အင်အေ၊ ရိုက်တာ**

အီရတ်စစ်ပွဲ တစ်ကမ္ဘာလုံးကို အကျပ်ရိုက်စေခဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြေရှင်းရမည်

ကိမ်းဘရစ်ချ် ဇွန် ၁၁

အီရတ်တွင် ဖြစ်ပွားသော စစ်ပွဲသည်တစ်ကမ္ဘာလုံးကို အကျပ်ရိုက်စေခဲ့ ပြီး နိုင်ငံတကာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်က ကြာသပတေးနေ့က ပြောကြားသည်။

အီရတ်၏ အချုပ်အခြာအာဏာနှင့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့နှင့်စပ်လျဉ်း၍ အီရတ်ခေါင်းဆောင်သစ်များအား ဩဇာအာဏာပေးခြင်းကို ထောက်ခံခဲ့သည့် ဆုံးဖြတ်ချက်အားကုလသမဂ္ဂလုံခြုံရေးကောင်စီ၌မဲခွဲဆုံးဖြတ်ကာ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် နှစ်ရက်အကြာ၌ ကိုဖီအာနန်က ဝေဖန်ချက်ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို အမေရိကန်ပြည်ထောင်စု နှင့်ဗြိတိသျှတို့က ကြိုးမှူးရေးဆွဲခဲ့သည်။

အကျပ်တွေ့

တပ်ဖွဲ့သည် တိုက်ခိုက်မှုများကို ကာကွယ်ရန်တရားဝင်အဖွဲ့အစည်းဖြစ်သည်၊ မဖြစ်သည်ဆိုခြင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂနှင့်အမေရိကန်ပြည်ထောင်စုသည် အကျပ်တွေ့နေကြကြောင်း ကိုဖီအာနန်က ပြောဆိုသည်။

ထို့ပြင်ကိုဖီအာနန်က ကုလသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုကြားဖြစ်ပေါ်နေသောစည်းလုံးညီညွတ်မှုအကျပ်အတည်းကိုရည်ညွှန်းရာ၌ ကိုဖီအာနန်က နိုင်ငံတကာဆိုင်ရာအာရုံစိုက်မှုလွှဲဖယ်ခြင်းနှင့် အေအိုင်ဒီအက်စ်၊ ပညာရေးနှင့် နို့စို့အရွယ်ကလေးသေဆုံးမှုတို့သည် စည်းလုံးညီညွတ်မှုကို အကျပ်ရိုက်စေကြောင်း စာဒကတက်ပြောဆိုခဲ့သည်။

နောက်ဆုံး၌ ကိုဖီအာနန်က အာဃာတနှင့် သည်းမခံနိုင်မှုအကျပ်အတည်းတစ်ရပ်နှင့်ကမ္ဘာကြီးသည်ရင်ဆိုင်နေရကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားစဉ် ဒဏ်ရာရရှိခဲ့သော အီရတ် မိန်းကလေးငယ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှု ခံယူနေသည်ကို ဇွန် ၁၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ– အင်တာနက်)

အရှေ့အလယ်ပိုင်း ပြုပြင်ပြောင်းလဲရေး ဘုရှ်မူဝါဒအရေးနိမ့်

ဆီးအိုင်းလင်း ဇွန် ၁၁

ဂျော်ဂျီယာပြည်နယ်၌ ကျင်းပနေသော စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံ၏ ထိပ်သီးဆွေးနွေးပွဲ ယမန်နေ့က ပြီးဆုံးသွားပြီဖြစ်ပြီး ဆွေးနွေးပွဲ၌ အီရတ်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းဒေသတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးမူဝါဒကို ထောက်ခံ အတည်ပြုရန် ဦးစားပေး ဆွေးနွေးခဲ့ကြသည့်ပြင် စစ်ပြီးကာလ အီရတ်နိုင်ငံ၌ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)ကိုအဓိကကဏ္ဍမှ ပါဝင်ရန်ကိုလည်း ထိပ်ဆုံးမှဆွေးနွေးခဲ့ကြသည်။

ယင်းကိစ္စများဆောင်ရွက်ရန် တင်ပြပြောကြားခဲ့သူ သမ္မတဘုရှ်၏ အရှေ့အလယ်ပိုင်း ပြုပြင်ပြောင်းလဲရေးမူဝါဒ အရေးနိမ့်ခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်ပြောက်ကျားများ နာဂျက်ဖ်ရဲစခန်းဝင်စီး

ဘဂ္ဂဒက် ဇွန် ၁၀

အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများသည်နာဂျက်ဖ်မြို့ရှိ အီရတ်ရဲစခန်းကို ကြာသပတေးနေ့က ဝင်ရောက်စီးနင်းတိုက်ခိုက်ကာနှစ်နာရီကြာမျှသိမ်းပိုက်ထားခဲ့ကြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများ သီတင်းပတ်များစွာ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများအဆုံးသတ်ရန်သဘောတူခဲ့ကြချိန်မှစပြီး ပထမဆုံးဖြစ်ပွားသော တိုက်ပွဲဖြစ်သည်။

သေဆုံး

ထိုတိုက်ပွဲတွင် အီရတ်ခြောက်ဦးသေဆုံးပြီး ၂၉ဦး ဒဏ်ရာရခဲ့ရာ ကလေးငယ်ရှစ်ဦးပါဝင်ကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။

ထို့ပြင် ခုခံတိုက်ခိုက်ရေးသေနတ်သမားများက တူရကီလေးဦးကို ကြာသပတေးနေ့၌ပင် ပြန်ပေးဆွဲခဲ့ကြောင်းနှင့် တူရကီကုမ္ပဏီများ အီရတ်၌ စီးပွားရေးလုပ်ငန်းအားလုံး အဆုံးသတ်ပြီးအမှုထမ်းများနိုင်ငံမှထွက်ခွာကြရန်တောင်းဆိုထားကြောင်း ပြောဆိုခဲ့ကြသည်။

အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများ တိုက်ခိုက်ခဲ့သောနာဂျက်ဖ်ရဲစခန်းသည် အီမန်အလီအဆောက်အအုံမှ ကိုက် ၂၅၀အကွာ၌ရှိပြီး လုယက်ခံရကာ ကားများ မီးရှို့ခံခဲ့ရသည်။ **(အင်တာနက်)**

အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များအနေအထား ဗြိတိသျှဥပဒေပြုအမတ်များအသေးစိတ်စုံစမ်းစစ်ဆေးမည်

လန်ဒန် ဇွန် ၁၁

ဗြိတိသျှဥပဒေပြုအမတ်များသည် ဇွန် ၃၀ရက်၌ အချုပ်အခြာအာဏာလွှဲပေးခြင်းမပြုမီ အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍအပြင် အီရတ်အရပ်သားများနှင့် ၎င်းတို့၏ဆက်ဆံရေးအနေအထားကို စတင်၍ အသေးစိတ်စုံစမ်းစစ်ဆေးသွားမည်ဟု ပါလီမန်ကော်မတီတစ်ရပ်က ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ထို့ပြင် ပါလီမန်ကာကွယ်ရေးကော်မတီသည် ကုလသမဂ္ဂ၏ အမိန့်အာဏာအောက်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ အနေအထားနှင့် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ တာဝန်ခံချက် အတိုင်းအတာပမာဏတို့ကိုလည်း ဆန်းစစ်သွားမည်ဖြစ်သည်။ ထိုသို့ဆိုသော်လည်း ဥပဒေပြု အမတ်များသည် မတရားညှဉ်းပန်းနှိပ်စက်မှု စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးမည်မဟုတ်ကြောင်း ကော်မတီဥက္ကဋ္ဌ ဘရစ်ဂျော့ချ်က ကြေညာချက်တွင် ပြောကြားထားသည်။

မိမိတို့သည် မတရားနှိပ်စက်မှုစွပ်စွဲချက်များကို စစ်ဆေးမည်မဟုတ်သော်လည်း အီရတ်ပြည်သူများနှင့် ဗြိတိသျှတပ်ဖွဲ့များ၏ ယေဘုယျဆက်ဆံရေးကို စုံစမ်းစစ်ဆေးသွားမည်ဟု ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်ခတ်နေသော အီရတ်ပြောက်ကျားတစ်ဦးအားဇွန် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ– အင်တာနက်)

မိကျောင်းအရှင်နှင့် တွားသွားသတ္တဝါထွက်ကုန်ပစ္စည်းများ တရုတ်နှင့်ဥရောပဈေးကွက်သို့ ဗီယက်နမ်တင်ပို့မည်

ဟန်နွိုင်း ဇွန် ၁၁

ဗီယက်နမ်နိုင်ငံသည် မိကျောင်းအရှင်များနှင့် တွားသွားသတ္တဝါမှထုတ်လုပ်သော ထွက်ကုန်များကို နိုင်ငံခြားသို့တိုးမြှင့်တင်ပို့ရောင်းချသွားရန် စီစဉ်ထားရာ အဓိကအားဖြင့် တရုတ်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်သည်။

နိုင်ငံခြားတိုင်းပြည်များမှ အမှာစာကို များများစားစား ရရှိရန်အတွက် ပြည်တွင်းလုပ်ငန်းလေးခုသည်မိကျောင်းများပိုမိုရရှိရန်ကြိုးပမ်းရာတွင် တောင်သူ လယ်သမားများနှင့် လက်တွဲဆောင်ရွက်လျက်ရှိပြီး ဥရောပနှင့် တရုတ်နိုင်ငံတွင်ဈေးကွက်ပိုရရန်ရှာဖွေလျက်ရှိသည်။

အဆိုပါ မိကျောင်းတင်ပို့ရောင်းချရေး ပြည်တွင်းလုပ်ငန်းလေးခုသည် မိကျောင်းအရှင်များအပြင် မိကျောင်းသား၊ မိကျောင်း အရေခွံတို့ကို ဩစတြေးလျနှင့် ဥရောပနိုင်ငံအချို့သို့ အဓိက တင်ပို့ရောင်းချကြသည်။

ယခုအခါ မိကျောင်းမျိုးပွားရန်အတွက် သဘာဝအခြေအနေနှင့် အသင့် လျော်ဆုံးဖြစ်သော ဗီယက်နမ်တောင်ပိုင်းတွင် မိကျောင်းများကို အများဆုံး မွေးမြူကြသည်။ ဟိုချီမင်းမြို့တွင် မိကျောင်းကောင်ရေ၃၇၀၀၀မျှရှိရာ အများဆုံး ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဖော်လူဂျာနှင့် ဘာကူဘာ၌ ကန်စစ်ယာဉ်တန်းများတိုက်ခိုက်ခံရ အမေရိကန်ထောက်ပံ့ရေးတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိ

ဘာကူဘာ ဇွန် ၁၁

ဘဂ္ဂဒက်မြောက်ဘက်ရှိ ဘာကူဘာမြို့တွင် အမေရိကန်စစ်အခြေစိုက်စခန်းအနီး၌ အမေရိကန်စစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေးယာဉ်တန်းကို သောကြာနေ့၌ ဗုံးခွဲပြီးပစ်ခတ်တိုက်ခတ်ခဲ့ကြရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာ အနည်းငယ်ရရှိခဲ့သည်ဟု အေအက်ဖ်ပီသတင်းထောက်က ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် ကားဘီးကွဲထွက်သွားကာ ကား၏ မှန်တံခါးပေါက်များကွဲပြီး တပ်ဖွဲ့ဝင်၏ မျက်နှာ၌ ဒဏ်ရာအနည်းငယ် ရရှိခဲ့သည်ဟု သတင်းထောက်က ပြောကြားသည်။လမ်းဘေးဗုံးသည် နံနက်၉နာရီထိုးပြီး မကြာမီ၌ ကား၁၀စီးပါယာဉ်တန်း ဖြတ်စဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်၍ ထို့နောက်၌ သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ် တိုက်ခိုက်ခဲ့ကြသည်ဟု ဆိုသည်။

အမည်မသိသေနတ်သမားများသည်ထွက်ပြေးလွတ်မြောက်သွားကြကြောင်း၊ တန်ပြန်တိုက်ခိုက်ရေးတပ်များနှင့် ရဟတ်ယာဉ်နှစ်စင်းပေါက်ကွဲမှု ဖြစ်ပြီးနောက် တစ်နာရီခန့်အကြာ၌ ဖြစ်ပွားရာနေရာသို့ရောက်လာကြောင်း သတင်းထောက်က ပြောကြားသည်။ ယခုတိုက်ခိုက်မှုသည် ဘဂ္ဂဒက်အနောက်ဘက်ရှိ ဖော်လူဂျာမြို့အပြင်ဘက်၌ အမေရိကန်စစ်ယာဉ်တန်းဖြတ်သွားပြီးနောက် ပေါက်ကွဲမှုဖြစ်ခဲ့အပြီး တစ်နာရီ အကြာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကားလေးစီးပါ အမေရိကန်စစ်ယာဉ်တန်း ဖြတ်သွားပြီးနောက် ဖော်လူဂျာမြို့ပြင်အဝေးပြေးလမ်းပေါ်တွင် နံနက် ၈နာရီကျော်ကျော်၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဟောင်ကောင်နိုင်ငံတကာဆိုင်ရာ ခရီးသွားလုပ်ငန်းပြပွဲဖွင့်

ဟောင်ကောင် ဇွန် ၁၁

(၁၈) ကြိမ်မြောက်နိုင်ငံတကာဆိုင်ရာခရီးသွားလာလုပ်ငန်းပြပွဲ (အိုင်တီအီးအိပ်ချ်ကေ၂၀၀၄)ကိုဟောင်ကောင်၌ ကြာသပတေးနေ့က ဖွင့်လှစ်လိုက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် အက်ဒ်ဆေးလ်ပြပွဲဝန်ဆောင်လုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌ စတင်လီချူးက ယခုအခါကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည် ဟောင်ကောင်၏ အရေးကြီးဆုံးစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ အိုင်တီ အီးအိပ်ချ်ကေ၏ အောင်မြင်မှုသည် ခရီးသွားလုပ်ငန်းအပြင်အခြားဆက်နွှယ်သော ကဏ္ဍများကို အကျိုးဖြစ်ထွန်းစေမည်ဟု မိမိယုံကြည်ကြောင်းပြောဆိုသည်။

ယင်းပြပွဲသို့ တရုတ်ပြည်မကြီးအပြင်ဟောင်ကောင်နှင့် နိုင်ငံခြားတိုင်းပြည်များမှ ပါဝင်ပြသသူ ၅၀၀ ရှိကြောင်းသိရသည်။ ၎င်းတို့တွင် ခရီးသွားလုပ်ငန်းရုံးအဖွဲ့ ၂၀ အပြင်အခြားလေကြောင်းလိုင်းများ၊ ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းကိုယ်စားလှယ်အဖွဲ့များ ပါဝင်သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ပြည်ထောင်စုကြီး နယ်မြေဒေသအားလုံး ချွချွတတဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ အချက်အချာဒေသများ၌ ကွက်လပ်မကျန်ထူထောင်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ မြစ်သာတံတား(ကလေးဝ)ကို ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ဒေသခံပြည်သူများတက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ P.T Waagnar Biro Co.(Indonesia)မှ တာဝန်ရှိသူများ၊ မြစ်သာတံတား(ကလေးဝ)ကို တည်ဆောက်ခဲ့သည့် ပြည်သူ့ဆောက်ရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပိုမိုတိုးတက်

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်လိုက်သည့် မြစ်သာတံတား(ကလေးဝ)မှာ မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းသစ်ပေါ်၌တည်ရှိပြီး မြစ်သာမြစ်ကို ဖြတ်ကူးတည်ဆောက်ထားသော တံတားဖြစ်ကြောင်း၊ ဤတံတားကို တည်ဆောက်ပေးနိုင်ပြီးဖြစ်သည့်အတွက် မုံရွာမှ ကလေးဝကို ကားလမ်းသစ်အတိုင်း တိုက်ရိုက်အချိန်တိုအတွင်း သွားလာနိုင်တော့မှာဖြစ်ကြောင်း၊ မြစ်သာမြစ်၏သဘာဝအတားအဆီးကို ယခုကဲ့သို့ ခေတ်မီတံတားကြီးထိုးပြီး ကျော်လွှားနိုင်ပြီဖြစ်သည့်အတွက် ကလေးဒေသနှင့် မုံရွာဒေသအကြား၊ ထို့အပြင် မုံရွာဒေသနှင့် ချင်းပြည်နယ်(မြောက်ပိုင်း)အကြား ကူးလူးဆက်ဆံသွားလာမှု၊ ကုန်စည်ဖောက်ကားရောင်းဝယ်မှုတို့သည် သွက်လက်မြန်ဆန် ဖွံ့ဖြိုးတိုးတက်လာတော့မှာ သေချာလျက်ရှိကြောင်း၊ တံတားထိပ်၌တည်ရှိနေသော ကလေးဝမြို့မှာလည်း ပိုမိုပြောင်းလဲတိုးတက် စည်ပင်လာမှာဖြစ်ကြောင်း။

ကလေးဒေသသည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်အကြားတွင် စီးပွားရေးအရ၊ လမ်းပန်းဆက်သွယ်ရေးအရ အချက်အချာကျသည့် ဒေသဖြစ်ကြောင်း၊ သို့ရာတွင် ကလေးဒေသအပါအဝင် ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်း၌တည်ရှိသော မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် ကနီမြို့များသည် ခေတ်အဆက်ဆက် လမ်းပန်းဆက်သွယ်မှု မကောင်းခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်ရစ်ခဲ့ရသော အတိတ်၏ သမိုင်းအကြွေးဟောင်းများ ရှိခဲ့ကြောင်း။

အဆင့်မြှင့်ဖွင့်လှစ်

ထို့ကြောင့် အချက်အချာကျသည့် ကလေးဒေသကို နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုအဖြစ်သတ်မှတ်ပြီး ချင်းတောင်ဒေသအပါအဝင် လူငယ်များ အဆင့်မြင့်ပညာများ သင်ကြားနိုင်အောင် တက္ကသိုလ်၊ ကောလိပ်များ ဖွင့်ပေးခဲ့သကဲ့သို့ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးကိုလည်း ထိုက်ထိုက်တန်တန် အဆင့်မြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း။

ထို့အပြင် လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်ပြီး ကလေးလေဆိပ်ကို ခရီးသည်တင်ဂျက်လေယာဉ် ဆင်းသက်နိုင်အောင် တိုးချဲ့ပေးခြင်း၊ ကလေး-ဂန့်ဂေါ ရထားလမ်းသစ်နှင့် ကလေး-ဂန့်ဂေါ ကားလမ်းသစ်တို့ကို ဖောက်လုပ်ပေးခြင်း၊ တမူး-ကလေး-ကလေးဝ ကားလမ်းကို အဆင့်မီကားလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

သိသိသာသာဖွံ့ဖြိုး

ထို့ကြောင့်လည်း ကလေးဒေသသည် ချင်းပြည်နယ်(မြောက်ပိုင်း)၏ အားထားရသည့်တံခါးဝအဖြစ်သာမက အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် ဆက်စပ်လုပ်ကိုင်နေသော နယ်စပ်ဒေသကုန်သွယ်ရေးကဏ္ဍ အပါအဝင် ဘက်စုံကဏ္ဍစုံမှ သိသိသာသာ ဖွံ့ဖြိုးစည်ပင်နေသည့်ဒေသအဖြစ် ယနေ့ထင်ထင်ရှားရှား မြင်တွေ့နေကြရပြီဖြစ်ကြောင်း။

ယခုလည်း ချင်းတွင်းမြစ်အနောက်ဘက်ဒေသတစ်လျှောက် ဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာမြောက် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းသစ်ကို တပ်မတော်စစ်အင်ဂျင်နီယာတပ်ဖွဲ့က တာဝန်ယူဖောက်လုပ်ပြီးဖြစ်ကြောင်း၊ ကားလမ်းအရှည်သည် ၁၁၅မိုင်ရှိပြီး တံတားကြီး၊ တံတားငယ်ပေါင်း ၁၇၄စင်းရှိကြောင်း၊ ယင်းတံတားပေါင်း ၁၇၄စင်းအနက် ၂၁စင်းကို အခိုင်အမာကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပြီးဖြစ်ကြောင်း၊ ပုထိုးလုံးတံတား၊ မြို့မတံတား၊ တိန်းတံတားနှင့် လပင်တံတားတို့မှာ ပေ၁၈၀အထက် တံတားကြီးများဖြစ်ကြောင်း။

ယင်းတံတားပေါင်း ၁၇၄စင်းတွင် ယနေ့ဖွင့်လှစ်သည့် မြစ်သာ(ကလေးဝ) တံတားနှင့် ၂၀၀၃ခုနှစ်ကဖွင့်လှစ်ခဲ့သည့် ချင်းတွင်းမြစ်ကူးတံတားတို့ ထည့်သွင်းထားခြင်းမရှိဘဲ စစ်အင်ဂျင်နီယာတပ်ဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့ရသည့် တံတားများကိုပင် ရေတွက်ထားခြင်းဖြစ်ကြောင်း၊ လမ်းမကြီး၏ ကလေးဝဘက်ထိပ်၌ ပေ၁၃၂၀ရှိသည့် မြစ်သာတံတားကြီးနှင့် လမ်းမကြီး၏ မုံရွာဘက်ထိပ်၌ ပေ၄၇၀၀ကျော်သည့် ချင်းတွင်းတံတားကြီးတို့ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

အောင်မြင်မှုအသီးအပွင့်

ထို့ကြောင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသများအတွက် အရေးပါလှသည့် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းနှင့် တံတားများသည် နိုင်ငံတော်၏ မှန်ကန်သောဦးစီးဦးဆောင်မှုအောက်၌ နိုင်ငံ့ဝန် ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် နယ်ဘက်ဆိုင်ရာဝန်ထမ်းများ၏ ပူးပေါင်းအားထုတ်ကြိုးပမ်းမှုရလဒ်များပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ တက်ညီလက်ညီ ဦးထမ်းပဲ့ထမ်း လုပ်ကိုင်ဆောင်ရွက်မှု၏ အောင်မြင်မှုအသီးအပွင့်များပင်ဖြစ်ပါကြောင်း။

ယခုဆိုလျှင် မုံရွာမှ ကလေးဝကို လေးနာရီအတွင်းမှာပင် ခရီးပေါက်ပြီဖြစ်ကြောင်း၊ ရှေးဦးနှင့် သက္ကယ်ကျင်းမှတစ်ဆင့် ပတ်သွားရသည့် လမ်းအတိုင်း တစ်ရက်ခရီးလောက် ပင်ပင်ပန်းပန်း ခရီးသွားနေရမည့်အစား ယခုနာရီပိုင်းအတွင်းတွင် မုံရွာမှနေပြီး ကလေးဝ၊ ကလေးတို့ကို သွားနိုင် လာနိုင်ကြပြီဖြစ်သည့်အတွက် ကလေးမှ မန္တလေးအထိကို သက်သောင့်သက်သာ နေ့ချင်းပေါက် သွားနိုင်ပြီဖြစ်ကြောင်း။

ပိုမိုဖွံ့ဖြိုးတိုးတက်

ထို့အပြင် လမ်းမကြီးတစ်လျှောက်မှာရှိနေသော ကနီမြို့၊ မင်းကင်းမြို့နှင့် ယာကြီးချောင်၊ စစ်လျင်ချောင်၊ တောင်တွင်းချောင် စသည့်ချောင်များ၌ရှိသော ကျေးရွာပေါင်း၅၅ရွာ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း သိသိသာသာ အထောက်အကူပြုသွားမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဤလမ်းမကြီးနှင့် တံတားများသည် သားစဉ်မြေးဆက်အထိ အကျိုးပြုသွားမည့် အမွေခံ၊ အခြေခံကောင်းများပင်ဖြစ်ကြောင်း၊ ဂဏန်းသင်္ချာနည်းဖြင့် တွက်ချက်၍မရနိုင်သည့် အကျိုးပြုမှုများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအထိ ကျယ်ပြန့်စွာ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ တစ်ချိန်တစ်ခါက ချင်းတွင်းရေကြောင်းလမ်းတစ်ခုတည်းကိုပဲ အားကိုးအားထား သွားလာနေရသည့် ကနီ၊ မင်းကင်းနှင့် ကလေးဝတို့မှ ပြည်သူများသည် ယခုအခါ ဤမော်တော်ကားလမ်းကိုအသုံးပြုပြီး ဥဒဟို ကူးလူးသွားလာနိုင်ပြီဖြစ်ကြောင်း၊ သွားရေးလာရေး အခွင့်အလမ်းများ ပွင့်လာသည်နှင့်အမျှ လမ်းမကြီးနှင့်ဆက်စပ်နေသည့် မြို့ပြများရော၊ ကျေးလက်ဒေသများပါ ပိုမိုဖွံ့ဖြိုးတိုးတက်သည့် အသီးအပွင့်များကို ရယူခံစားရတော့မှာဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် ၃၆မိုင်ရှည်သော မော်လိုက်-ကလေးဝ ကားလမ်းကို ကျောက်ချောလမ်းအဖြစ် ဖိဖိစီးစီး ဖောက်လုပ်နေခြင်းဖြစ်သည့်အတွက် မော်လိုက်ဒေသမှ ပြည်သူများသည်လည်း မြစ်သာတံတားကြီးမှတစ်ဆင့် ကုန်းကြောင်းလမ်းအတိုင်း မုံရွာဒေသဘက်သို့ မကြာမီအချိန်ကာလအတွင်းတွင် သွက်လက်မြန်ဆန်စွာ အချိန်တိုအတွင်း သွားလာနိုင်တော့မှာဖြစ်ကြောင်း။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား(ကလေးဝ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အတွက်အရေးပါ

ထို့ကြောင့် ယနေ့ဖွင့်လှစ်သည့် မြစ်သာတံတားကြီးနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသော လမ်းမကြီးနှင့် တံတားများသည် ချင်းပြည်နယ် ဖွံ့ဖြိုးရေး၊ မုံရွာမြို့နှင့် ဆက်စပ်နေသည့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသများနှင့် ကလေး၊ ကလေးဝဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ မြန်မာ-အိန္ဒိယနယ်စပ်ဒေသကုန်သွယ်မှု တိုးတက်ရေး

စာမျက်နှာ ၈ ကော်လံ ၁

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



ပဲခူးတိုင်း ပဲခူးမြို့နယ် ပဂိုင်တာတောင်ပိုင်းမှ ကျေးလက်တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူပြုလျက်ရှိသည့် တာဝရေထိန်း တံခါးအား ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာလေးရွာတွင် ရေလျှံတွင်း လေးတွင်း၊ ကျေးရွာနှစ်ရွာတွင် စက်ရေတွင်းနှစ်တွင်း တူးဖော်ပေးခဲ့ရာ ကျီးကန်ကျေးရွာ၌ ရေလျှံတွင်းကို ဤသို့ဆောင်ရွက်ပေးခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း-ပြန်/ဆက်)

မန္တလေး-မိတ္ထီလာလမ်း

မန္တလေးတိုင်း မန္တလေး-မိတ္ထီလာလမ်းပိုင်းကို ခြောက်လမ်းသွားအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ခဲ့ရာ ကျောက်ဆည်မြို့အနီးရှိ ညီညာချောမွေ့သည့်လမ်းအပိုင်းကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

သိုက်တူးကန် စံပြကျေးရွာ

ရန်ကုန်တိုင်း သုံးခွမြို့နယ် သိုက်တူးကန် စံပြကျေးရွာသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော စံပြကျေးရွာဖြစ်သည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် ဒေသဝမ်းစာဖူလုံရေးအတွက် အထွက်ကောင်းမျိုးစပါးများကို စိုက်ပျိုးလျက်ရှိရာ စက်မှုလယ်ယာဦးစီးဌာန ကျောက်မဲ အမှတ် (၉၆) ထွန်စက်စခန်းမှ ထွန်စက်များဖြင့် စံဖိတ်ကျေးရွာ လယ်မြေ၌ ထွန်နှင့်ထယ်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စာမျက်နှာ ၆ မှ

တို့ကိုသာမက တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေးကိုပါ ဖော်ဆောင်ပေးသွားမည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံကောင်းများဖြစ်ကြောင်း၊ ထပ်ဆင့်ပြောရမည်ဆိုလျှင် ဤလမ်း၊ ဤတံတားများသည် တိုင်းရင်းသားချစ်ကြည်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ကုန်သွယ်ရေးနှင့် စီးပွားဖွံ့ဖြိုးရေးတို့ကို အရှိန်အဟုန်မြှင့်တင်ပေးမှာဖြစ်သည့်အတွက် ဒေသအတွက်ရော၊ နိုင်ငံတော်အတွက်ပါ အရေးပါအလေးထားရသည့် လမ်းတံတားများပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုများနှင့်အညီ နိုင်ငံတော်အစိုးရသည် မဖွံ့ဖြိုး မတိုးတက်သေးသော ပြည်နယ်၊ တိုင်းများ ဖွံ့ဖြိုးလာအောင် ဒေသတစ်ခုနှင့်တစ်ခုအကြား စီးပွားရေးကွာဟနေမှု၊ လူနေမှုကွာဟမှုများ လျော့နည်းကျဆင်းလာအောင် ယခုကဲ့သို့ အထောက်အကူပြုသွားနိုင်မည့် လမ်းများ၊ တံတားများကို နိုင်ငံတော် တစ်နံတစ်လျား၌ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တည်ဆောက်နေဆဲ လုပ်ငန်းစီမံကိန်းများလည်း များစွာရှိကြောင်း။

တစ်နိုင်ငံလုံး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ယခု မြစ်သာတံတားအပါအဝင် တံတားကြီးပေါင်း ၁၇၂စင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့က တံတားကြီး ခုနစ်စင်း၊ မြန်မာ့မီးရထားက ခြောက်စင်း စုစုပေါင်း တံတားကြီးစာရင်းဝင် တံတားပေါင်း ၁၈၅စင်းတည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ မော်တော်ကားလမ်းအနေဖြင့် ၁၉၈၈ခုနှစ်တွင် ၂၁၄၈၃မိုင်ရှိရာမှ ယခုအခါ ၅၆၆၉၅မိုင်အထိ တိုးချဲ့ဖောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းလမ်းမိုင်များတွင် ကတ္တရာလမ်း၊

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား (ကလေးဝ)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်းအမျိုးအစား အားလုံးပါရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအပြင် စည်ပင်သာယာရေးအဖွဲ့များနှင့် အခြားအဖွဲ့အစည်းများက ဖောက်လုပ်ခဲ့သည့်လမ်းများ ပါရှိပါကြောင်း။

သမိုင်းကြွေးပေးဆပ်

စစ်ကိုင်းတိုင်းမှာဆိုလျှင် ယခု မြစ်သာတံတားအပြင် ချင်းတွင်းမြစ်ကူး မုံရွာတံတား၊ ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား၊ မူးမြစ်ကူးတံတား စသည့် တံတားကြီးပေါင်း ၁၂စင်းကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြစ်သာတံတား၊ ချင်းတွင်းတံတားနှင့် ဆင်ဖြူရှင်တံတားများ၏ ဆက်စပ်အကျိုးပြုမှုကြောင့် ချင်းတွင်းမြစ်အနောက်ဘက်ခြမ်းဒေသများ၏ ခေတ်နောက်ကျမှု သမိုင်းကြွေးကို ကျေအောင်ပေးဆပ်နိုင်တော့မှာဖြစ်ကြောင်း။

ယခုကဲ့သို့ ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများကို ကိုယ့်အင်ကိုယ့်အားဖြင့် တစ်ခုပြီးတစ်ခု တည်ဆောက်နိုင်ခြင်းမှာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်မြင်လာသည့်အတွက်ကြောင့်လည်းဖြစ်ကြောင်း၊ စီးပွားရေးအခြေအနေကောင်း၍ လမ်းများ၊ တံတားများ တည်ဆောက်နိုင်သကဲ့သို့ လမ်းပန်းဆက်သွယ်မှုကောင်းလာခြင်းကြောင့်လည်း စီးပွားရေး ကောင်းလာခြင်းဖြစ်ပါကြောင်း၊ တစ်ဖက်မှလည်း နိုင်ငံတော်၏စီးပွားရေး တိုးတက်အောင်မြင်အောင် အခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍအတွက် ရင်းနှီးသင့် ရင်းနှီးထိုက်သည်များကိုလည်း တုံ့နှေးမှုမရှိ တွန်းအားပေး လုပ်ဆောင်လျက်ရှိကြောင်း။

အင်တိုက်အားတိုက်ဆောင်ရွက်

စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လာနိုင်ရေးအတွက် ဆည်တမံများ၊ မြစ်ရေတင်စခန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများ စသည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ရင်းနှီးထူထောင်ပေးနေသကဲ့သို့ စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်အောင် နည်းလမ်းပြသခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း။

ကျေးဇူးတင်စကား

ဒေသခံပြည်သူများကိုယ်စား ကလေးဝမြို့နယ်မှ ဒေသခံပြည်သူ ဦးတင်မောင်မြင့်က စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား (ကလေးဝ) ဖွင့်ပွဲ အခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။

(သတင်းစဉ်)

ထို့ကြောင့် စစ်ကိုင်းတိုင်း၏ အသားတင်စိုက်ပျိုးမြေဧရိယာမှာ ယခင်က ဧက၂၈သိန်းခန့်ရှိရာမှ ယခု ဧက၃၉သိန်းကျော်အထိ တိုးတက်လာပြီး သီးနှံမျိုးစုံစိုက်ဧရိယာဧကအနေဖြင့် ၆၄သိန်းခန့်အထိ ဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ စပါးစိုက်ဧရိယာသည် ယခင်က ၁၁သမ၂သန်းကျော်မှ ယခုအခါ ဧက၁၁သမ၈သန်းကျော်အထိ တိုးတက်စိုက်ပျိုးလာခဲ့ကြောင်း၊ ဆန်စပါးထွက်ရှိမှုမှာ ဒေသစားသုံးရန်အပြင် တင်းသိန်း ၄၀၀ကျော် ပိုလျှံနေပြီဖြစ်ကြောင်း၊ အထက်မြန်မာပြည်မှာရှိသည့် ဆန်လိုဒေသများနှင့် ချင်းပြည်နယ်ကို ဆန်ထောက်ပံ့နိုင်ရန်အတွက် စပါးတင်းသိန်း၈၀၀ ပိုလျှံလာအောင် ဆက်လက်အားထုတ် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

လူနေမှုမြင့်မားမည်

နိုင်ငံတော်က ကြိုးစားပမ်းစား ဖန်တီးပေးထားသည့် စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံကောင်းများကို အကျိုးရှိရှိ အသုံးချပြီး စစ်ကိုင်းတိုင်း၏ အလားအလာကောင်းသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှုဆိုင်ရာ ကုန်ထုတ်လုပ်မှုများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်နေအောင် ကြိုးစားအားထုတ်ရန် အထူးအရေးကြီးကြောင်း၊ ကြိုးစားအားထုတ်လျှင် ကြိုးစားအားထုတ်သလောက် ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခြေခံများသည် စစ်ကိုင်းတိုင်း၌ ပြည့်စုံပြီးဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များသည် ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်၌ တည်ရှိနေသည့်အတွက် ယင်းချင်းတွင်းမြစ်ဝှမ်း လျှပ်စစ်ဖွံ့ဖြိုးရေးစီမံကိန်းများ တည်ဆောက်ပြီးသွားမည်ဆိုလျှင် စစ်ကိုင်းတိုင်း၏ ကုန်ထုတ်လုပ်မှုရော၊ လူနေမှုဘဝအဆင့်အတန်းပါ ထပ်ဆင့်မြင့်တက်သွားဦးမှာဖြစ်ကြောင်း။

မြစ်သာမြစ်ကူးတံတားကြီးသည် ပြည်ထောင်စုကြ
ဒေသဝန်းကျင်သွေးချင်းများ အခြားဒေသသွေးချ

နိုင်ငံတော်အစိုးရပိုင်းက သဘာဝအခြေခံပြည့်စုံသည့် ပြည်နယ်၊ တိုင်းရော၊ မပြည့်စုံသည့် ပြည်နယ်/တိုင်းများပါ တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် အားထည့်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ထို့အပြင် နောင်လာနောက်သား မြန်မာနိုင်ငံသားများအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် နယ်ပယ်အားလုံး၌ အမွေခံကောင်းများ ကျန်ရစ်အောင်၊ အမွေခံကောင်းများကို လက်ဆင့်ကမ်းပေးနိုင်အောင် ကြိုးပမ်းနေခြင်းလည်းဖြစ်ကြောင်း။

နိုင်ငံကြီးအချို့အကျပ်ကိုင်

ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားများကောင်းစားရေးအတွက်သာ ရည်မှန်းချက်ထားပြီး စေတနာသန့်သန့်ဖြင့် နေ့မအားညမနား အားထုတ်ကြိုးပမ်းနေခြင်းဖြစ်ကြောင်း ပြောကြားလိုကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်ကြီးကိုဟန်ချက်ညီညီ ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပြုပြင် နေသည့်အချိန်၌ ပယောဂများဖြင့်ယှဉ်ပြီး နိုင်ငံရေးအရ ဖိအားပေးမှု၊ စီးပွားရေးအရပိတ်ပင်ကန့်သတ်မှုများကို နိုင်ငံကြီးအချို့က အကျပ်ကိုင်လုပ်ဆောင်လျက်ရှိသည်ကို မြင်တွေ့ကြရမှာဖြစ်ကြောင်း။

ယင်းကဲ့သို့သော အခြေအနေ၊ အချိန်အခါမျိုး၌နိုင်ငံသားအားလုံးသည် ကိုယ့်ခွန်ကိုယ့်အားကိုအခြေပြုပြီး နိုင်ငံတော်ကြီးကို ဆတက်ထမ်းပိုးတိုးတက်အောင်၊ မိမိတို့ဒေသအရှိန်အဟုန်ဖြင့် ခိုင်ခိုင်မာမာဖွံ့ဖြိုးအောင်၊ ညီညီညွတ်ညွတ် ဆက်လက်အားထည့် အလုပ်လုပ်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်ကိုချစ်သည့်စိတ်၊ အမျိုးကိုချစ်သည့်စိတ်၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်များကို အခြေခံပြီး နိုင်ငံတော် ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ကြရမှာ ဖြစ်ကြောင်း၊ တိုင်းရင်းသားညီအစ်ကို သွေးချင်းများအကြား စည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ သွေးကွဲအောင် အကြောင်းအမျိုးမျိုးပြပြီး နည်းမျိုးစုံဖြင့် ဖန်တီးလှုံ့ဆော်မှုများပြုလုပ်လျက်ရှိသည်ကို အစဉ်သတိရှိရှိဖြင့် ဖယ်ရှားသွားကြရမှာဖြစ်ကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား (ကလေးဝ) ဖွင့်ပွဲ အခမ်းအနား တွင် ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ဝိုင်းဝန်းထိန်းသိမ်း

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ လမ်းမသစ်ကြီးများ၊ တံတားသစ်ကြီးများပေါ်ပေါက်လာမှုကြောင့် စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး၏နယ်မြေ ဒေသအားလုံးသည် တစ်ဆက်တစ်စပ်တည်းနီးပါး သွားလာဆက်သွယ်၍ ရနေပြီဖြစ်သည့်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် တစ်စိတ်တည်း တစ်ဝမ်းတည်း အမိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် ကမ္ဘာတည်သရွေ့ ပြည်ထောင်စုကြီး အခွန့်ရှည်စွာ ထည်ထည်ဝါဝါ ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါ၊ တည်ဆောက်ဖောက်လုပ်ပြီးဖြစ်သည့် တံတားကြီးများ၊ လမ်းမကြီးများ အရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြပါလို့ မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းက ရှင်းလင်းပြောကြားရာတွင် ယနေ့ဖွင့်လှစ်ပေးသည့် ဤမြစ်သာတံတား (ကလေးဝ) မှာ စစ်ကိုင်းတိုင်းအတွက် ၁၂စင်းမြောက်ဖွင့်လှစ်ပေးခဲ့သည့် ပေ ၁၈၀အရှည်နှင့်အထက် တံတားကြီးပင်ဖြစ်ကြောင်း၊ တံတားအမျိုးအစားမှာ သံပေါင်ကြိုးတံတားဖြစ်ပြီး သံကူကွန်ကရစ်လွန်တူးပိုင်တိုင်အုတ်မြစ်ပေါ်၌ အပေါ်ထည်သံကူကွန်ကရစ်ချဉ်း ကပ်တံတားများနှင့် ပင်မသံပေါင်ကြိုးတံတားပေါင်းစပ်တည်ဆောက်ထားကြောင်း၊ တံတားကြီး၏ခန်းဖွင့် ဖွဲ့စည်းပုံမှာ တံတားတစ်ဖက်တစ်ချက်စီတွင် ပေ၆၀x၆ခန်းစီပါသည့် သံကူကွန်ကရစ်ချဉ်းကပ် တံတားနှစ်ဖက်နှင့် ပင်မတံတားပေ၆၀၀ရှည် သံပေါင်ကြိုးတံတား စုစုပေါင်းတံတားအရှည် ပေ ၁၃၂၀ရှိကြောင်း။

ယာဉ်သွားလမ်းအကျယ် ၂၈ပေရှိပြီး တစ်ဖက်စီတွင် လူသွားလမ်း လေးပေ စီရှိကြောင်း၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၅၀၀နှင့်အမြင့် ၁၄ပေရှိကြောင်း၊ တံတားကြီး၏ခွင့်ပြုယာဉ်အလေးချိန် မော်တော်ယာဉ် HS 20-44 ၃၆တန် နှစ်လမ်းဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ဖြစ်ကြောင်း။

ဤတံတားနှင့်ပတ်သက်သည့် ထူးခြားချက်မှာ မြန်မာနိုင်ငံ၌ တည်ဆောက်ပြီး ကြိုးတံတားများနှင့်မတူသည့်အချက်နှစ်ချက်ရှိကြောင်း၊ ပထမအချက်မှာ ပင်မတံတားကြီးကို ဆိုင်းထားသည့်ကြိုးများ ထိန်းသည့်တာဝါတိုင်များသည် ယခင်တံတားများကဲ့သို့ မတ်ပြီးတည်ဆောက်မထားဘဲ ထိပ်တွင်ပေါင်းစပ်ထားသည့် Aပုံသဏ္ဌာန်ရှိ တာဝါတိုင်များဖြစ်ကြကြောင်း၊ ဒုတိယခြားနားချက်မှာ ကြိုးတံတားများ၏ ပင်မတံတားကို ယခင်က လေတိုးလျှင် သိပ်ပြီးမယိမ်းယိုင်အောင် တံတားပေါ်ခင်ထားသည့် သံမဏိပြား တစ်ခုနှင့်တစ်ခုကြားခွာပြီး တည်ဆောက်ထားသည့် နည်းစနစ်ဖြစ်ခဲ့ကြောင်း၊ ယခုတံတားမှာ သံမဏိပြားများမသုံးတော့ဘဲ ကြိုတင်ပုံလောင်းထားသည့် ကွန်ကရစ်ပြားများကို ဆက်စပ်ပြီး ၎င်းပေါ်၌ ကွန်ကရစ်လမ်းခင်းသည့်စနစ်ဖြင့် တည်ဆောက်ထားခြင်း ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက် မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား(ကလေးဝ) ဖွင့်ပွဲအခမ်းအနားတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ယခင်သံပေါင်ကြိုးတံတားများ၌ မော်တော်ယာဉ်များသည်သံမဏိပြားများပေါ်တွင် ထိန်းပြီးမောင်းနှင်ခဲ့ရပြီး စက်ဘီး၊ ဆိုင်ကယ်ကဲ့သို့ဘီးသေးသည့်ယာဉ်ငယ်များမှာ ဘီးများသံမဏိပြားကြားကျွံကျမှုမရှိအောင် အလွန်သတိထားပြီး ဖြည်းဖြည်းခြင်း သွားလာခဲ့ရကြောင်း၊ ယခုဒီတံတားမှာ ထိုအန္တရာယ်များ မရှိတော့ဘဲ ယာဉ်ကြီး၊ ယာဉ်ငယ်မရွေး လွယ်လွယ်ကူကူ ချောချောမွေ့မွေ့ သွားလာနိုင်မှာ ဖြစ်ကြောင်း။

မုံရွာ-အလုံ-ယာကြီး-မြို့မ- ကလေးဝ လမ်းပေါ်၌ တည်ရှိသည့် မြို့မ၊ ကြာပင်၊ မယ်မဲ၊ ထုံးကြီးစသည့် ရွာကြီးများ၌နေကြသော ဒေသခံပြည်သူများအတွက် သွားလာရေး လျင်မြန်ချောမွေ့လာမှာ ဖြစ်ကြောင်း၊ မော်လိုက်-ကလေးဝလမ်းပေါ်၌လည်း ပလူဇဝ-နန်စလိန်စသည့် ရွာကြီးများရှိ ဒေသခံပြည်သူများ ကလေးဝကနေ မုံရွာမြို့ကြီးကိုပဲ သွားသွားချင်း ပြည်နယ်ဘက်ကိုပဲ တက်တက် သွားလာရေး လွယ်ကူသွားမှာဖြစ်ကြောင်း။

ထို့ကြောင့် ဤဒေသထွက်ကုန်ပစ္စည်းများကို မြစ်သာတံတား (ကလေးဝ) က တစ်ဆင့်ပြည်နယ်/ပြည်မ ဒေသစုံကိုလည်း လွယ်လင့်တကူ ပေးပို့ပြီး ကုန်သွယ်မှုလုပ်ရန်လည်း လွယ်ကူမြန်ဆန်လာမှာဖြစ်ကြောင်း၊ ကလေးစက်မှုဇုန်က ထုတ်လုပ်သည့် စက်မှုထွက်ကုန်များ၊ ပြည်တွင်းဖြစ် မော်တော်ယာဉ်များကိုလည်း ဤတံတားကြီးကတစ်ဆင့် ပြည်မကို ပို့ဆောင်ဖြန့်ဖြူး၍ လွယ်ကူသွားသကဲ့သို့ ပခုက္ကူစက်မှုဇုန်၊ မုံရွာစက်မှုဇုန်က ထွက်ကုန်များကို ကလေးစက်မှုဇုန်အတွက် မှာယူပို့ဆောင်ရန်လည်း လွယ်ကူလာမှာ ဖြစ်ကြောင်း။

အာရှလမ်းမကြီးအတွက်အရေးပါ

ထို့ပြင် ကလေး-တမူးလမ်းကနေ မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးအတွက်လည်း လွယ်ကူချောမွေ့လာစေမှာ ဖြစ်ကြောင်း၊ ရှေ့ဆက်ပြီး အကောင်

ကျောက်စာတိုင် စက်ခလုတ်နှိပ်ဖွင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား(ကလေးဝ) ဖွင့်ပွဲအခမ်းအနားတွင် မြစ်သာတံတား(ကလေးဝ)မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ည်ထောင်စုကြီး၏ပေါင်းကူးတံတားတစ်စင်းဖြစ်
းဒေသသွေးချင်းများထံလွယ်လင့်တကူသွားလာနိုင်

အထည်ဖော်ဆောင်ရွက်သွားရမည့် အာရှ၊ အာဆီယံလမ်းမကြီးများအတွက်လည်း အရေးပါသည့် တံတားတစ်စင်းဖြစ်ကြောင်း။

ယခုကဲ့သို့ အိန္ဒိယနယ်စပ်အထိ သွားလာမှုလွယ်ကူချောမွေ့လာသည်နှင့်အမျှ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိဒေသထွက်ကုန်များကို တစ်ဖက်နိုင်ငံအထိ ရောင်းဝယ်ဖောက်ကားနိုင်လာပြီး စီးပွားရေးလုပ်ငန်းများ ပိုမို လုပ်ကိုင်လာနိုင်မှာဖြစ်ကြောင်း။

ဤတံတားကြီးဖွင့်လှစ်ပေးခဲ့သည့်အတွက် စစ်ကိုင်းတိုင်း ကလေးခရိုင်နှင့် ချင်းပြည်နယ်၊ ဖလမ်းခရိုင်အတွင်း နေထိုင်ကြသည့် လူဦးရေ ၇ သိန်း ၆ သောင်းကျော်အတွက် ကူးလူးဆက်သွယ်မှု လျင်မြန် လွယ်ကူလာစေမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျေးဇူးတင်စကား ပြောကြားရာတွင် စစ်ကိုင်းတိုင်းသည် ပထဝီအနေအထားအရ အလွန်ကျယ်ဝန်းသည့် တိုင်းဖြစ်ပါကြောင်း၊ ချင်းတွင်းမြစ်သည်လည်း နယ်မြေအတွင်း ရှည်လျား စွာ စီးဆင်းနေပြီး စစ်ကိုင်းတိုင်း၏ အနောက်မြောက်ပိုင်းဒေသမှာ ချင်းတွင်းမြစ်ကြောင်းကိုသာ အဓိကထား အားကိုးနေခဲ့ရသော ဒေသဖြစ်ပြီး ကုန်းလမ်းသွားလာမှုတွင် ခက်ခဲခဲ့သော ဒေသဖြစ်ခဲ့ရပါကြောင်း။

တစ်ချိန်ကခရီးကြမ်းဖြစ်ခဲ့

တစ်ချိန်က မုံရွာမြို့မှ ကလေးဝ–ကလေးမြို့များသို့ သွားမည်ဆိုလျှင် မိုင် ၁၆၀ ခန့်ရှိသည့် မုံရွာ–ရေဦး–တန့်ဆည်–သက္ကယ်ကျင်း–ကလေးဝလမ်းအတိုင်း မဟာမြိုင်တောကြီးကို ဖြတ်သန်းသွားခဲ့ရပါကြောင်း၊ အထူးသဖြင့် မိုးတွင်းကာလတွင် ခက်ခက်ခဲခဲဖြင့် သတိထားသွားလာခဲ့သည့် လမ်းခရီးကြမ်းဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ၂၀၀၁ ခုနှစ်မှစပြီး အနောက်ဘက်ကမ်းရှိ လက်ခုပ်ပင်–ယာကြီး–ကလေးဝ ကားလမ်းကို ဖောက်လုပ်ပေးခဲ့ပါကြောင်း၊ ယင်းကားလမ်းတစ်လျှောက်ရှိ ချောင်းကြီးချောင်းငယ် အသွယ်သွယ်ကိုလည်း တံတားများ တည်ဆောက်ပေးခဲ့ပြီးဖြစ်သကဲ့သို့ ချင်းတွင်းတံတား(မုံရွာ)ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ယခုဆိုလျှင် မြစ်သာမြစ်ကူးတံတား(ကလေးဝ)ကိုလည်း အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ယခုဆိုလျှင် မုံရွာ–ယာကြီး–ကလေးဝ မဟာဗျူဟာကားလမ်းသစ်ကြီးမှာ ၁၁၅မိုင်ခန့်ရှိသည့် အတွက် ရေဦးနှင့်သက္ကယ်ကျင်းတို့ကို ပတ်သွားရသောလမ်းထက် ၄၅မိုင်ခန့် သက်သာတိုတောင်းသွားပြီဖြစ်၍ သွက်လက်မြန်ဆန်စွာ အချိန် လေးနာရီဖြင့် မုံရွာမှ ကလေးမြို့ကို ခရီးသွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ထို့အပြင် တမူး–မိုးရေး–အိန္ဒိယနယ်စပ်အထိသွားလာနိုင်ပြီး နယ်စပ် စီးပွားကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကိုလည်း ပိုမိုသွက်လက်ထက်မြက်စွာ အထောက်အကူပြုလာတော့မှာဖြစ်ကြောင်း။

ဘက်စုံဖွံ့ဖြိုးလာ

အကျိုးဆက်အနေဖြင့် မော်လိုက်–ကလေးဝလမ်း ၃၆မိုင် ကားလမ်းမှာလည်း မကြာခင်ပြီးစီးတော့မှာဖြစ်၍ ချင်းတွင်းမြစ်အထက်ပိုင်း လမ်းပန်းဆက်သွယ်သွားလာမှု ပိုမိုကောင်းမွန်လာပြီး ဒေသခံပြည်သူများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများရရှိလာတော့မှာဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ဖွင့်လှစ်သည့် မြစ်သာမြစ်ကူးတံတား(ကလေးဝ)မှာ စစ်ကိုင်းတိုင်းအတွက်သာမက ချင်းပြည်နယ်နှင့် နယ်စပ်ဒေသ၊ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသများအတွက်ပါ စီးပွားရေးနှင့်လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူပြုသည့်အပြင် ဒေသတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ပါ ပိုမိုခိုင်မာစွာတည်ဆောက်လာနိုင်တော့မှာဖြစ်ကြောင်း။

စုပေါင်း ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မြစ်သာတံတား(ကလေးဝ)ဖွင့်ပွဲအခမ်းအနားတွင် ဒေသခံပြည်သူများနှင့်အတူ ဖွင့်ပွဲ မုခ်ဦးရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

တပ်မတော်အစိုးရတာဝန်ယူခဲ့သည့်ကာလအတွင်း စစ်ကိုင်းတိုင်း၌ ကတ္တရာလမ်း ၉၈၉ ဒသမ ၄မိုင်၊ ကျောက်ချောလမ်း ၂၅၂ ဒသမ ၃မိုင်၊ မြေသားလမ်း ၄၃၀ဒသမ၆မိုင်နှင့် အမာခံလမ်း ၃၁၂ ဒသမ ၇ မိုင် စုစုပေါင်း လမ်းမိုင်၁၉၉၄မိုင်နှင့် မီးရထားလမ်း ၄၅၃ ဒသမ ၉၆ မိုင်ကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

အစင်း ၃၄၂၀ ဆောက်ပြီး

ယခင်က ပေ ၁၈၀အထက် တံတားကြီး ၁၄စင်းသာရှိခဲ့ရာမှ ယခုဆိုလျှင် ၂၆ စင်းအထိ တိုးတက်ဆောက်လုပ်ပေးခဲ့သလို ပေ ၁၈၀ အောက်တံတားငယ် ၂၉၈၃စင်းရှိခဲ့ရာမှ ယခုဆိုလျှင် အစင်း ၃၄၂၀ အထိ ဆောက်လုပ်ပေးခဲ့ပြီး ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းတွင် ကားရော၊ ရထားပါသွားလာနိုင်သည့် ပထမဆုံးသော ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားကြီး တည်ဆောက်ပေးခဲ့ပြီး မကွေးတိုင်းရှိ ရေစကြို၊ ပခုက္ကူ၊ ဂန့်ဂေါမြို့နယ်များနှင့် ဆက်စပ်ပေးခဲ့ကြောင်း၊ ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်းကိုလည်း ရည်မှန်းချက်ကြီးစွာဖြင့် ဖောက်လုပ်ပေးသည့်အတွက် ချောင်းဦးမှကျောအထိ ၁၄၆မိုင်နှင့် ကလေးမှ ရေမျက်နီအထိ ၁၀၅မိုင် စုစုပေါင်း ၂၅၁ မိုင်ကျော်ကို ရထားများ ပုံမှန်သွားနေပြီဖြစ်ကြောင်း၊ ကျောနှင့် ရေမျက်နီအကြား ပုံညာ တောင်ဥမင်နှင့် ဥမင် ရှောင်လမ်းတို့ကို အောင်မြင်စွာဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်၍ မကြာမီကာလတွင် ပခုက္ကူ–ကလေးမီးရထားလမ်းပိုင်းကိုလည်း ရာနှုန်းပြည့် သွားလာနိုင်တော့မှာဖြစ်ကြောင်း။

ထို့အပြင် မိမိတို့ စစ်ကိုင်းတိုင်းအတွင်း၌ ကလေး–ခန္တီး၊ ဟုမ္မလင်းနှင့် မုံရွာလေယာဉ်ကွင်းများကိုလည်း ပြေးလမ်းများတိုးချဲ့ခြင်း၊ လေဆိပ်အဆောက်အအုံများကိုလည်း အဆင့်မြှင့် ခေတ်မီမွမ်းမံပြင်ဆင်ခြင်းများဖြင့် တည်ဆောက်ပေးထားပြီးဖြစ်၍ လမ်းပန်းဆက်သွယ်သွားလာမှုများ လျင်မြန်လွယ်ကူချောမွေ့နေပြီဖြစ်ကြောင်း။

နိုင်ငံတော်ကိုကျေးဇူးတင်

ဒါကြောင့် ရေခံမြေခံကောင်းသည့် သဘာဝသယံဇာတပေါကြွယ်လှသည့် မိမိတို့စစ်ကိုင်းတိုင်း၏ အခြေခံကောင်းများကိုရယူပြီး အစိုးရ၊ ပြည်သူ၊ တပ်မတော်ဆိုသည့် ခိုင်မာသော စွမ်းအားစုကြီးသုံးရပ်၏ တက်ညီလက်ညီပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယနေ့ဆိုလျှင် အရှိန်အဟုန်ကောင်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီးဖြစ်၍ အောင်မြင်မှုအသီးအပွင့်များကိုဒေသခံပြည်သူများ ခံစားရရှိနေပြီဖြစ်ကြောင်း၊ လိုအပ်သောအခြေခံများကိုတည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်ကိုလည်း ဒေသခံပြည်သူများကိုယ်စားကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ဖွင့်လှစ်ခဲ့သည့် မြစ်သာမြစ်ကူးတံတား(ကလေးဝ)ကို အစဉ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရန် မိမိတို့နှင့်အတူ ဒေသခံပြည်သူအားလုံးက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကလေးဝမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးတင်မောင်မြင့်က မြစ်သာတံတား(ကလေးဝ)တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရကို ဒေသခံပြည်သူများကိုယ်စားကျေးဇူးတင်ရှိကြောင်းနှင့် နိုင်ငံတော်၏ကျေးဇူးသစ္စာကိုအလုပ် ဖြင့်ပြန်လည်တုံ့ပြန်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

စိတ်ဓာတ်မြင့်မားမှုဖော်ညွှန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နှုတ်ဆက်စကားပြောကြားရာတွင် နိုင်ငံတော်က စစ်ကိုင်းတိုင်းအတွင်း လိုအပ်နေသော အချက်အချာကျသည့် မြစ်သာတံတားကြီးကို အောင်မြင်စွာတည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ရာ အောင်မြင်မှုအထိမ်းအမှတ်အဖြစ် ယနေ့ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဖွင့်ပွဲအခမ်းအနားကို ယခုကဲ့သို့ မိုးထဲလေထဲကြားမှ ကြိုးစားပမ်းစားတက်ရောက်လာကြသည့်အတွက် တိုင်းရင်းသားပြည်သူများ၏ တက်ကြွသည့်အင်အား၊ စည်းလုံးညီညွတ်သည့်အင်အားကို ထုတ်ဖော်ပြသခြင်းလည်းမည်ပါကြောင်း၊ မိမိတို့ပြည်သူများ၏ စိတ်ဓာတ်တန်ဖိုးမြင့်မားမှုကို ဖော်ညွှန်းရာရောက်ပါကြောင်း။

ပေါင်းကူးဆက်သွယ်ပေးနိုင်

ဤမြစ်သာမြစ်ကူးတံတားသည် ပြည်ထောင်စုကြီး၏ပေါင်းကူးတံတားကြီးများအနက် ပေါင်းကူးတံတား တစ်စင်းဖြစ်ပါကြောင်း၊ ချင်းပြည်နယ်နှင့် ဤဒေသပတ်ဝန်းကျင်ရှိ တိုင်းရင်းသား သွေးချင်းများသည် အခြားဒေသများရှိ တိုင်းရင်းသားသွေးချင်းများထံ လွယ်လင့်တကူ အချိန်တိုအတွင်း သွားလာနိုင်အောင် ဤတံတားကြီးက ပေါင်းကူးဆက်သွယ်ပေးနိုင်ပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မုံရွာ–ကလေးဝလမ်းသစ်ကြီးနှင့် ယခုကဲ့သို့ တံတားကြီးများကို စစ်ကိုင်းတိုင်း၌ တည်ဆောက်ပေးခဲ့သကဲ့သို့ အခြားပြည်နယ်၊ တိုင်းများအပါအဝင် ပြည်ထောင်စုကြီး၏ တစ်နံတစ်လျား၊ အရှေ့မှအနောက်၊ မြောက်မှတောင် ကူးလူးဆက်ဆံသွားလာနိုင်အောင်လမ်းများ၊ တံတားများကို တည်ဆောက်ဖောက်လုပ် ပေးခဲ့ပြီဖြစ်၍ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးမှာ ရေကြောမြေကြော နီးကပ်စွာ ဆက်စပ်သွားပြီဟု ဆိုရမှာဖြစ်ကြောင်း၊ ဤလမ်းများ၊ တံတားများ၏ အကျိုးပြုမှုကြောင့် ပြည်ထောင်စုဖွား သားချင်းများ၏ စီးပွားရေးဘဝ တောင့်တင်းမြင့်မားလာမှာ ဖြစ်သကဲ့သို့ လူနေမှုဘဝအဆင့်အတန်းများသည်လည်း တိုးတက်မြင့်မားလာမှာသေချာကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

အသက်သခင်သွေးလှူရှင် ကျေးဇူးတင်စရာ ဘဝတာ

ဒေါက်တာကျော်မျိုးထွန်း

"သွေးသည်အသက်၊ အသက်သည်သွေး"ဟူသော ဆိုရိုးရှိပေသည်။ လူသားတို့ အသက်ရှင်နေထိုင်ရန်အတွက် ခန္ဓာကိုယ်တွင် လှည့်ပတ်နေသောသွေးမှာ အရေးကြီးလှသည်။ လူသားတို့သည် ဇရာ၊ ဗျာဓိ၊ မရဏတရားတို့ကို လွန်ဆန်နိုင်ကြသောသူများ မဟုတ်ကြသဖြင့် ဗျာဓိတရားနှင့်ကြုံ၍ ခွဲစိတ် ကုသရသောအခါ အသက်သွေးကို လိုအပ်သည့်အချိန်တွင် လိုအပ်သည့်ပမာဏသွင်း၍ ကုသနိုင်ပါမှ အသက်ချမ်းသာရာရမည် ဖြစ်သည်။ ထို့ကြောင့် သန့်စင်သောသွေးကို လှူဒါန်းကြသော သွေးလှူရှင်တို့သည် ဘဝတစ်သက်တာ ကျေးဇူးတင်ထိုက်သူများပင် ဖြစ်သည်။

စုပေါင်းသွေးလှူဒါန်း

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာမှ သံဃာတော်များ၊ သီလရှင်များ၊ ထီးဆောင်း ကျေးရွာသူ ကျေးရွာသားများ စုပေါင်း၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် စုပေါင်း သွေးလှူဒါန်းကြစဉ်။
(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

ကိုယ်ဝန်ဆောင်မိခင်များ ကလေးမွေးဖွားစဉ် သွေးသွန်၍သော်လည်းကောင်း၊ သွေးနှင့်ပတ်သက်သည့် ရောဂါဝေဒနာများကြောင့်လည်းကောင်းစသည့် အခြေအနေအမျိုးမျိုးတွင် သွေးသွင်း ကုသမှုခံယူရတတ်ပေသည်။ ဤကဲ့သို့ သွေးသွင်းကုသရာတွင် ရောဂါပိုးသန့်စင်သော သွေးကိုသာ ပေးသွင်းရမည်ဖြစ်သည်။ ဗဟိုအမျိုးသား သွေးလှူဘဏ်အနေဖြင့် သွေးလှူရှင်များက လှူဒါန်းထားသော သွေးများတွင် အိပ်ချ်အိုင်ဗွီ၊ ကာလသားရောဂါပိုး၊ အသည်းရောင်အသားဝါဘီ၊ စီဗိုင်းရပ်စ်ပိုးများ၊ ငှက်ဖျားရောဂါပိုးများ စသည်တို့ရှိ မရှိ စနစ်တကျစစ်ဆေးပြီးမှသာလျှင် ရောဂါပိုးကင်းစင်သော သွေးများကို သွေးသွင်းကုသရန် ခွင့်ပြုသည်။ ရောဂါပျောက်ကင်းရန်အတွက် သွေးသွင်းကုသရာတွင် မသန့်ရှင်းသော သွေးများ ပေးသွင်းမိပါက အခြားရောဂါပိုးများ ခန္ဓာကိုယ်တွင်းသို့ ရောက်ရှိသွားပြီး ဝေဒနာစွဲကပ်မှုမဖြစ်ပွားစေရေးအတွက် နိုင်ငံတော်အစိုးရက သွေးနှင့် သွေးပစ္စည်း ဥပဒေကို ပြဋ္ဌာန်းထားသည်။

ယခုအခါ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် တစ်နှစ်လျှင် သွေးအိတ်ပေါင်း တစ်သိန်းရှစ်သောင်းမှ နှစ်သိန်းဝန်းကျင် လိုအပ်လျက်ရှိပါသည်။ ထိုလိုအပ်သော သွေးအိတ်အရေအတွက် ရရှိစေရန်အတွက် အမျိုးသား သွေးသုတေသနလုပ်ငန်းအဖွဲ့သည် နယ်လှည့်သွေးလှူဒါန်းယာဉ်ဖြင့် လှည့်လည်ပြီး စေတနာရှင် သွေးလှူရှင်များရှာဖွေကာ သွေးကောင်းသွေးသန့်များရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

လူသားတို့ အသက်ရှင်နေထိုင်ရန်အတွက် ခန္ဓာကိုယ်တွင် လှည့်ပတ်နေသောသွေးမှာ အရေးကြီးလှသည်။ လူသားတို့သည် ဇရာ၊ ဗျာဓိ၊ မရဏတရားတို့ကို လွန်ဆန်နိုင်ကြသောသူများ မဟုတ်ကြသဖြင့် ဗျာဓိတရားနှင့်ကြုံ၍ ခွဲစိတ်ကုသရသောအခါ အသက်သွေးကို လိုအပ်သည့်အချိန်တွင် လိုအပ်သည့်ပမာဏသွင်း၍ ကုသနိုင်ပါမှ အသက်ချမ်းသာရာရမည် ဖြစ်သည်။

မြန်မာတို့သည် 'ဒါနဋ္ဌ' ပေးကမ်းလှူဒါန်းခြင်းသည် မင်္ဂလာဖြစ်သည်ဟူသော မင်္ဂလာတရားတော်နှင့်အညီ အလှူဒါနပြုရန် လက်မနှေးကြသူများ ဖြစ်သည်။ သွေးလိုအပ်သောသူများအတွက် သွေးလှူဒါန်းရာတွင် ရောဂါပိုးကင်းသောသွေးကိုသာ လှူဒါန်းရပေမည်။ မြန်မာနိုင်ငံ၌ ၁၉၃၉ ခုနှစ်တွင် ရန်ကုန်ဆေးရုံကြီး၌ အခြေပြုသော သွေးဘဏ်တစ်ခု တည်ဆောက်ပြီး ထိခိုက်ဒဏ်ရာရ လူနာများအတွက် သွေးသွင်းကုသခြင်းကို ဆောင်ရွက်ပေးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်ရှိသော သွေးလှူဘဏ်ကို ဗဟိုအမျိုးသား သွေးလှူဘဏ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ယခုအခါ နိုင်ငံတော်က "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေး"ဟူသော ဦးတည်ချက်ကို လူမှုရေး ဦးတည်ချက်လေးရပ်တွင် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်း ရောဂါဘယကင်းရှင်းရေး စသော ရည်မှန်းချက်များ ချမှတ်ပြီး ၎င်းရည်မှန်းချက်များ အကောင်အထည် ဖော်နိုင်ရန် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာ ပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာကုသမှုပေးခြင်းဟူသော နည်းနာသုံးရပ်နှင့် ဆောင်ရွက်နေပေသည်။ သို့ဖြစ်ရာ သွေးဗေဒဆိုင်ရာ အဆင့်မြင့်သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်၊ သွေးဘဏ်ဆိုင်ရာ အဆင့်မြင့်ပညာရပ်များ ဖွံ့ဖြိုးတိုးတက်ပြန့်ပွားစေရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးနိုင်ရန်နှင့် ဘာသာရပ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အစရှိသည်များ ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင် ၁၁ ဦးပါဝင်သော အမျိုးသား သွေးသုတေသနလုပ်ငန်းအဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာနက ဖွဲ့စည်းထားပေသည်။

ပြင်းထန်သော ထိခိုက်ဒဏ်ရာများ၊ ရောဂါဝေဒနာများကြောင့် ခွဲစိတ်ကုသမှုခံယူရလျှင်သော် လည်းကောင်း၊

မြန်မာတို့သည် သွေးလှူခြင်းမှာ ထူးကဲသော ကုသိုလ်တစ်မျိုးဖြစ်သည်ဟု ယူဆပြီး လှူဒါန်းလေ့ရှိကြသည်။ အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်း အမျိုးသား၊ အမျိုးသမီးမရွေး မည်သူမဆို သွေးလှူဒါန်းနိုင်ပေသည်။ သွေးလှူရှင်များသည် မိမိလှူလိုက်သောသွေးများ သွေးကောင်းသွေးသန့်များဖြစ်စေရန် သတိပြုရန် လိုအပ်သည်။ သွေးလှူရှင်များသည် မိမိကိုယ်တိုင် ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်သွားလာစားသောက်ကြရမည်ဖြစ်ပြီး လိင်ကိစ္စအပျော်အပါး လုံးဝရှောင်ကြဉ်ရမည် ဖြစ်သည်။

အချုပ်ဆိုရသော် အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ဝေဒနာရှင်သည် မိမိအတွက်လိုအပ်သော သန့်စင်သည့်သွေးအလှူရှင်ကို **'အသက်သခင် သွေးလှူရှင်၊ ကျေးဇူးတင်စရာ ဘဝတာ'** အဖြစ် အစဉ်စွဲမြဲ ယုံကြည်လျက်ရှိပေရာ မေတ္တာနှင်းလျက်၊ သွေးတစ်စက်ကို

ကမ္ဘာ့သွေးလှူရှင်များနေ့
(၁၄-၆-၂၀၀၄)
World Blood Donor Day
(14-6-2004)
အသက်သခင် သွေးလှူရှင် ကျေးဇူးတင်စရာ ဘဝတာ
Blood, a gift for life. Thank you.
ကျန်းမာရေးဝန်ကြီးဌာန

သုံးလွန်းတင်ကြိုး

* တိုင်းပြည်တစ်ခု၊ စုပေါင်းတည်ဆောက်
မျက်မှောက်ပြည်သာ၊ တို့မြန်မာတွင်
ချိန်ခါနှင့်ညီ၊ ရေးဆွဲသည်တည့်
ဝိသေသထူး၊ ဦးထိပ်ပန်အပ်
"မျိုးဂုဏ်မြတ်လျှင်"၊အကြင်"ဖွဲ့စည်းပုံဥပဒေ"ဖြစ်လေသည်။

* စီးပွားလူမှု၊ ကြောင်းပြုနိုင်ငံရေး
မြော်မြင်တွေးဆ၊ ညွှန်ပြသင်ခန်းစာ
သမိုင်းလာလျှင်၊ တိုင်းတာချိန်ဆ
"လောကပါလ မျှတ,တရား"
ကိန်းဝပ်ပွားအပ်။

* တစ်ကိုးလေးခွန်(၁၉၄၇)၊ လွန်ပြီးခွန်လေး(၇၄)
သမိုင်းကြွေးလျှင်၊ မဝေးအတိတ်
ကြေးမုံရိပ်က၊ ညွှန်ပြသင်ခန်းစာ
ပြဆိုပါသည်......

* အစကောင်းမှ၊ အနှောင်းသေချာ
ဖြစ်မည်သာပ၊ မကြာခဏ
တပ်ကစောင့်ရှောက်၊ မျိုးဂုဏ်ထောက်၍
မျက်မှောက်ကမ္ဘာ-သိက္ခာနှင့်ယှဉ်
မြော်မြင်တွေးဆ၊ ရေးဆွဲရ၏။

* လူမျိုးတစ်မျိုး၊ မိုးထိထိုးဖောက်
ထိပ်တန်းရောက်ခြင်း၊ အကြောင်းရင်းကား
"စည်းကမ်းနှင့်အလုပ်"၊ ပေါင်းထုပ်သေချာ
ရေးရာအနှစ်၊ ကြောင်းကျိုးဖြစ်၍

* "စည်းကမ်းဖောက်၍၊ ထီးနန်းပျောက်"ဟု
ထုံးပြုဖွဲ့ထား၊ စာ,စကားလျှင်
စံထားသက်သေ၊ အခြေသမိုင်း
ရိုင်းလှပါဘိ၊ သတိရှိလော့

* "ဝံသာနုတရား"၊ နှလုံးပွား၍
နိုးကြားအသိ၊ သတိလက်ယာ
ပညာလက်ဝဲ၊ သဟဲ,သဟာ
မိတ်ကြီးစွာထား၊ ညီနောင်သားချင်း
သွေးသားရင်းတို့

* ဘယ်သူခွဲခွဲ၊ တို့မကွဲဟု ဆိုမြဲစကား
လက်ကိုင်ထား၍၊ မြတ်ဘုရားဟော
"တပေါသုခံ-သမဂ္ဂါနံ"၊ ဦးထိပ်ပန်လော့

* သမိုင်းရေးရာ၊ စဉ်လာကြီးမား
ပြည့်စွမ်းအားလျှင်၊ တပ်နှင့်ပြည်သူ
တူညီစိတ်ဝမ်း၊ ထမ်းရွက်အမျှ
နှလုံးလှ၍၊ ရ,အလီလီ
အနီ,အောင်ပွဲ၊ ခြိမ့်ခြိမ့်သည်းရှင့်။

* တို့တွေလွတ်လပ်၊ ထွတ်အမြတ်၏
ထပ်ပွားအကျိုး၊ လူမျိုးချမ်းသာ
စီးပွားမှာလျှင်၊အကြင်အောင်ပန်း
ဖြစ်တည်လှမ်းသင့်။

* တပ်သည်,သွေး-ချွေး-အသက်ပေး၍
စတေးစောင့်ရှောက်၊ ထောက်ထားသမိုင်း
အပိုင်းကဏ္ဍ၊ ဘဝအမှန်
သရုပ်မှန်ကို၊ လုပ်ကြံဇာတ်ထွင်
အဆိုးမြင်၍၊ တွင်တွင်ယိမ်းပါး
မှောက်မှောက်မှားလျှင်၊သူ့အမြင်ဝါဒ
ဓမ္မမိဋ္ဌာန်၊ လမ်းမမှန်၍
တစ်နေ့တစ်လံ၊ ပုဂံခရီး
နီးလျက်နှင့်ဝေး၊ မျှော်ခေါ်တွေးက
မပြေးသော် ကန်ရာရှိလိမ့်မည်။ ။

ဗလမင်းထင်

မင်္ဂလာဗျူဟာအသင်းချုပ် သွေးလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၁၂

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ်၏ (၇၁)ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို ဇွန် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ စေတနာရှင်သွေးလှူရှင်များ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စွမ်းအင်ဒုတိယဝန်ကြီး အာဆီယံစွမ်းအင်အစည်းအဝေးတက်ရောက်ခဲ့ မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်မှုရှင်းလင်းပြောကြား

ရန်ကုန် ဇွန် ၁၂

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပခဲ့သည့် (၂၂)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများအစည်းအဝေး၊ အာဆီယံ+၃နိုင်ငံ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံဒေသတွင်း စွမ်းအင်ဆိုင်ရာစီးပွားရေးညီလာခံများသို့ တက်ရောက်ခဲ့သော စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇွန် ၁၁ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိလာသည်။

ဇွန် ၉ရက် နံနက်ပိုင်းတွင်ကျင်းပသည့် (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများအစည်းအဝေး၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများ စုံညီစွာ တက်ရောက်ကြပြီး ဒေသတွင်း စွမ်းအင်ကဏ္ဍ ဖူလုံပြည့်စုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များဖြစ်သော အာဆီယံနိုင်ငံများအကြား သွယ်တန်းမည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းနှင့် အာဆီယံလျှပ်စစ်ဓာတ်အားလိုင်း စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ စွမ်းအင်ကဏ္ဍတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေမည့် သန့်စင်သည့် ကျောက်မီးသွေးသုံးနည်းပညာများကို အသုံးပြုသွားရန်၊ စွမ်းအင်လိုအပ်ချက် လျင်မြန်စွာတိုးတက်နေမှုကိုကာမိစေရန်၊ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များနှင့် ဇီဝဒြပ်ထုအခြေခံစွမ်းအင်များကို ထုတ်လုပ်သုံးစွဲသွားကြရန်တို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် APAEC ၂၀၀၄-၂၀၀၉ကို အတည်ပြုခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင်ပြုလုပ်သည့် အာဆီယံ+၃နိုင်ငံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အာရှဒေသ၏ မြင့်မားတိုးတက်လာသော စွမ်းအင်ကဏ္ဍ လိုအပ်မှုများကိုဖြည့်ဆည်းနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် ရေရှည်လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းအတည်ပြုကြသည်။

ဒုတိယဝန်ကြီးသည် ဇွန် ၁၀ ရက် ညနေပိုင်းတွင် ပြုလုပ်သည့် အာဆီယံဒေသတွင်း စွမ်းအင်ကဏ္ဍ စီးပွားရေးဆိုင်ရာညီလာခံသို့ တက်ရောက်ပြီး အာဆီယံဒေသတွင်း မြန်မာနိုင်ငံအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် ရင်းနှီးမြှုပ်နှံနိုင်မှု အလားအလာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီး ဖိလစ်ပိုင်နိုင်ငံ၌ ရှိနေစဉ်ကာလအတွင်း ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E Dr. Prommin Lertsuridej၊ ကိုရီးယားသမ္မတနိုင်ငံမှ စက်မှုစီးပွားရေးနှင့် စွမ်းအင်ဌာနဝန်ကြီး H.E Lee Hee Beomတို့နှင့် သီးခြားစီတွေ့ဆုံကာ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးအလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ထားဝယ်လေဆိပ်အဆောက်အအုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ထားဝယ်လေယာဉ်ကွင်းအဆင့်မြှင့်တင်ရေးလုပ်ငန်း ပို့ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ စစ်ဆေး

ရန်ကုန် ဇွန် ၁၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ထားဝယ်လေဆိပ်သို့ရောက်ရှိကြရာ ဝန်ကြီးအား လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ထားဝယ်လေဆိပ် လေယာဉ်ပြေးလမ်းကို အဆင့်မြှင့်တိုးချဲ့တည်ဆောက်မည့် အစီအမံများနှင့် ကွင်းဆင်းကြည့်ရှုတိုင်းတာပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လေယာဉ်ပြေးလမ်းမြောက်ဘက် ပေ ၃၀၀၀တိုးချဲ့မည့်မြေအနေအထားနှင့် ပတ်ဝန်းကျင်အခြေအနေကိုလည်းကောင်း၊ လေယာဉ်ပြေးလမ်းတောင်ဘက် ပေ၄၀၀၀တိုးချဲ့မည့် မြေအနေအထားနှင့် ပတ်ဝန်းကျင် အခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြသရှင်းလင်းတင်ပြကြသည်။

ကွန်ကရစ်ခင်းအမျိုးအစား

ထားဝယ်လေဆိပ်၏ လက်ရှိလေယာဉ်ပြေးလမ်းမှာ အရှည်ပေ ၅၀၀၀နှင့် အကျယ်ပေ ၅၀ရှိပြီး ကျောက်ကတ္တရာခင်းအမျိုးအစားဖြစ်သည်။ အဆိုပါ လေယာဉ်ပြေးလမ်းကို ဘိုးရင်း ၇၄၇ လေယာဉ်ကြီးများ ဆင်းတက်နိုင်မည့် အလျားပေ ၁၂၀၀၀နှင့် အကျယ်ပေ ၂၀၀ တိုးချဲ့ပြီး ကွန်ကရစ်ခင်းအမျိုးအစား အဖြစ် တည်ဆောက်မည်ဖြစ်သည်။

ဝန်ကြီးသည် အဆောက်အအုံဝန်းကျင်ကို ကြည့်ရှုစစ်ဆေး၍ လေဆိပ်ဝန်းကျင် သာယာလှပရေးဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

ပြည်သူများ၏လူမှုစီးပွားရေးအဆင့်အတန်းမြင့်မားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြဲရေးအတွက် အဓိကကျသည့် လမ်းတံတားစသည့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံများကိုသာမက လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များ၊ ကျန်းမာရေးဆိုင်ရာ ဆေးရုံကြီးများ၊ စီးပွားရေးအခြေခံများဖြစ်သည့် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စခန်းများကို နိုင်ငံတော်၏အချက်အချာ ဒေသများ၌ ကွက်လပ်မကျန် ထူထောင်ပေးလျက်ရှိကြောင်း။

ရည်ရွယ်ချက်မှာ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ တိုင်းရင်းသား ပြည်သူအားလုံး မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ ထည်ထည်ဝါဝါ ရပ်တည်နေထိုင်နိုင်ရေးတို့ အတွက်ဖြစ်ကြောင်း။

ဤမြစ်သာမြစ်ကူးကြိုးတံတားကို တည်ဆောက်ရာ၌ တည်ဆောက်မှု အတွေ့အကြုံများနှင့် ဆန်းသစ်လာသော နည်းပညာများကို အခြေခံ၍ အကောင်းဆုံး အခိုင်ခံ့ဆုံးဖြစ်အောင် တည်ဆောက်ထားခြင်းဖြစ်ရာ ဤဒေသအပေါ် နိုင်ငံတော်၏ အလေးထားမှု၊ တန်ဖိုးထားမှုမှာ ပေါ်လွင်ထင်ရှားလျက် ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုအောက်မှ မိမိတို့အားလုံးတက်ညီလက်ညီ ကြိုးစားပမ်းစား လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် လမ်းသစ်၊ တံတားသစ်များ တစ်ခုပြီးတစ်ခုပေါ်ထွက်လာသကဲ့သို့ နိုင်ငံတော် တစ်ဝန်း၌လည်း တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုလွှမ်းခြုံလာလျက် ရှိကြောင်း၊ ပြည်သူများ၏ စီးပွားရေးဘဝသည်လည်း တောင့်တင်းခိုင်မာလာနေပြီဖြစ်ကြောင်း။

တက်တက်ကြွကြွပူးပေါင်း

ယင်းအခြေခံကောင်းများကို အခြေခံပြီး ပြည်ထောင်စုကြီး၏ အနာဂတ် ရှင်သန်ခိုင်မာရေး၊ အေးချမ်းသာယာသော ခေတ်မီတိုးတက်သည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်ရေးတို့အတွက် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို မိမိတို့ စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပနေပြီဖြစ်ရာ အမျိုးသားညီလာခံကြီးအောင်မြင်ရေးအပါအဝင် မူဝါဒ လမ်းစဉ်(၇)ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ကျေးလက်ဒေသ၊ နယ်စပ်ဒေသမှအစ ဒေသအားလုံးရှိ တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ တက်ညီလက်ညီ တက်တက်ကြွကြွ ပူးပေါင်း အကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ မြစ်သာတံတား(ကလေး၀) ဖွင့်ပွဲအစီအစဉ်ကို တံတားထိပ် မင်္ဂလာမုခ်ဦး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က မြစ်သာတံတား(ကလေး၀)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ဖွင့်ပွဲမုခ်ဦးရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြစ်သာတံတား (ကလေး၀)မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြစ်သာ တံတား(ကလေး၀)ကို ဖြတ်သန်းကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်း လိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃-၆-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့အကျိုးတော် ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၅ ၆။ ပိုင်ကျူရေထိန်းတံခါး
၈:၃၀ ၇။ International News
၈:၄၅ ၈။ Say it in English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၅၀) [ဇာတ်သိမ်းပိုင်း]
၁၂:၁၀ ၅။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
၁၂:၂၀ ၆။ မြန်မာရုပ်ရှင် **"အတွေ့လေးရယ်မှ အိုအကြွဲ"** (ကျော်ဟိန်း၊ မင်းဦး၊ မျိုးသန္တာထွန်း) (ဒါရိုက်တာ-မောင်ဝဏ္ဏ)
၁၄:၄၅ ၇။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒ၊ ရက္ခဗေဒအထူးပြုများ) (သတ္တဗေဒ)
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၁၅ ၆။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇:၂၅ ၇။ တေးဂီတအစီအစဉ်
၁၇:၄၀ ၈။ သားချင်းတို့စုစည်းရာ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ
၁၇:၅၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၂၀)
၁၉:၃၅ ၁၃။ အေးချမ်းဝေစည် ရှမ်းတို့ဌာနီ(တောင်ပိုင်း)
၁၉:၄၅ ၁၄။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **"သဒ္ဓါ"** (အပိုင်း-၂) (လွင်မိုး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဒေါနု)
၂၂:၃၀ ၁၉။ Euro-2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **(ဆွစ်ဇာလန်နှင့် ခရိုအေးရှား)**
၁:၁၅ ၂၀။ Euro-2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **(ပြင်သစ်နှင့် အင်္ဂလန်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဇွန်လအတွက်

(၁၃-၆-၂၀၀၄)ရက်နေ့

နှင့်

(၂၇-၆-၂၀၀၄)ရက်နေ့

✻ ကျောက်ဖြူမှ

ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဖေသန်း၊ မြန်မာ့မီးရထားဦးဆောင် ညွှန်ကြားရေးမှူးဦးမင်းဆွေနှင့် တာဝန်ရှိသူများပါဝင်၍ တံတားပိုင်တိုင် အမှတ်(၉)နှင့်(၁၀)အကြားတွင် ၅၇ပေ တံတားရက်မပေါင် တပ်ဆင်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ပါရမီခုံးကျော် တံတားတည်ဆောက်ရေးလုပ်ငန်းတွင် တံတားရက်မများ အချိန်မီရောက်ရှိ တပ်ဆင်နိုင်ရေး၊လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ ပါရမီခုံးကျော်တံတား အား သတ်မှတ်ရက်ထက်ဆောလျင်စွာ စံချိန်စံညွှန်းမီ တည်ဆောက်ပြီးစီးနိုင်ရေးတို့ကိုမှာကြားသည်။ ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းစံချိန်စံညွှန်းမီ ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် မြန်မာ့မီးရထား ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

✡ ကျောက်ဖြူမှ

ရွေ့လျားခဲ့သည်။ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ အဆိုပါမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အင်ဒရာကမ်းခြေကို ကိုလ်ကာတာမြို့၏ အနောက်တောင်ဘက်မှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းလျက်ရှိသည်။

ဇွန် ၁၃ရက်ညနေထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့၌ နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။

(မြန်မာ့အလင်း)

☆ *ကျောဖုံးမှ*

ကျစ်လျစ်မာကျောသည့် စောဇော်လွင် (KLN)ကို ပထမအချီ ၂မိနစ် ၅၃ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိပြီး သူ၏ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းထားလိုက်နိုင်သည်။ စောဇော်လွင် အဝင်ရဲပြီး အတင်းလိုက် ထိုးသော်လည်း အမှားကို စောင့်ပြီး ဘယ်ညာတွဲလက်သီးများ တရစပ် ပစ်သွင်းသွားသည့် နိုင်းဝမ်းလေး၏ လက်သီးချက်ကြောင့် အလဲထိုးခံလိုက်ရပြီး အရှုံးပေးသွားရခြင်းဖြစ်သည်။

ဖယ်သာဝိတ်တန်း လူရွေးပွဲတွင် စခန်းသွင်း လေ့ကျင့်မှုပြည့်ဝပြီး အရှောင်၊ အတိမ်းရော လက်သီးထိုးအားပါကောင်းသည့် ရွှေခါးပတ်ချန်ပီယံဝင်းထွန်း(သစ်တောရေးရာ)ကို ပြည်နယ်နှင့်တိုင်း ငွေတံဆိပ်ရှင် ကျော်ဆန်း (KLN) က သူတစ်ပြန် ကိုယ်တစ်ပြန် အချီပြည့် ထိုးသတ်သွားပြီး သရေပွဲဖြင့်သာ ကျေနပ်လိုက်ရသည်။

ကျန်ပွဲစဉ်များဖြစ်သည့် သုံးချီစိန်ခေါ်ပွဲများတွင် ဒုတိယအချီ ၁မိနစ် ၁၇စက္ကန့်တွင် ဝင်းထွင်ရှ (တွံ့တေး) မှာစိုင်းမောင်မောင် (ဒေါပုံ)၏ညာခြေကန်ချက်ထိ၍ အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ သုံးချီစိန်ခေါ်ပွဲအဖြစ် သူတင်ကိုယ်တင်ထိုးနေရာမှသိုးကောင်း (ပွဲကျောင်းသား) ၏ ညာဒူးတိုက်ချက်မိ၍ သမိန်ရာဇာ(မလှိုင်)ခမျာ အလဲထိုးဖြင့် အရှုံးပေးလိုက်သည်။ မိုက်သဲလေး(တွံ့တေး)နှင့် နဂါးလေး (ဥက္ကံ)၊ အောင်သူရ (တွံ့တေး)နှင့် သွေးရိုင်း (ပွဲကျောင်းသား) တို့ အချီပြည့် ထိုးသတ်သော်လည်း သရေဖြင့်သာ ကျေနပ်လိုက်ရရှိသည်။

လေးချီ အထူးစိန်ခေါ်ပွဲအဖြစ် လစ္စဝီ(တောင်ငူ)နှင့် ရွှေလင်းယုန် (တွံ့တေး) တို့ အကြိတ်အနယ် ယှဉ်ပြိုင်နေရသည်။ တတိယအချီ ၁မိနစ် ၂၆ စက္ကန့်တွင် လိစ္စဝီ(တောင်ငူ)၏ ညာဝိုက်လက်သီးမိ၍ ရွှေလင်းယုန် (တွံ့တေး) အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။

နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲအတွက် လက်ရည်စစ် လူရွေးပွဲသို့ တက်ရောက်အားပေးကြသော ပရိသတ်အားတွေ့ရစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ငါးချီ လက်ရည်စစ် စိန်ခေါ်ပွဲတွင် နိုင်းဝမ်းလေး၏ ပြင်းထန်လှသောဘယ်ခြေ ကန်ချက်ကို ကျစ်လျစ် မာကျောသည့် စောဇော်လွင်၏ ဘယ်ဒူးဖြင့် ဤသို့ ဖြတ်တိုက်ထားခဲ့သည်။
ဓာတ်ပုံ-
သိန်းဝင်းလေး
(မြန်မာ့အလင်း)

ဓာတ်လိုက်(တောင်ကလေး) နှင့် စောဖွဲလေး (ထားဝယ်) တို့ပွဲနှင့် သားစစ်နိုင်(ပွဲကျောင်းသား)နှင့် မဲလေး (တောင်ကလေးကလပ်)တို့ အကြိတ်အနယ် သူတင်ကိုယ်တင် ယှဉ်ပြိုင်ကြပြီး သရေဖြင့်သာကျေနပ်လိုက်ရသည်။

ယနေ့ပွဲများ

သုံးချီကြားပွဲ လေးဆိုင်းအပြင် လေးချီ အထူးစိန်ခေါ်ပွဲများအဖြစ် ဒေါနအောင် (တောင်ကလေးကလပ်) နှင့် ဝမ်းစတား (ဘားအံ)၊ ဖွဲမာန် (ရန်ကုန်) နှင့် မုန်တိုင်း (ဘားအံသားကလပ်)၊ တိုက်ကျား(သူရဲကောင်းကလပ်)နှင့် ထစ်ချုံး (KLN) တို့ပွဲများအပြင် ငါးချီလက်ရည်စစ်လူရွေးပွဲအဖြစ် အေးဗိုလ်စိန် (လယ်/ဆည်)နှင့် စောစိုးစံ (သူရဲကောင်းကလပ်)တို့ သူနိုင်ကိုယ်နိုင် အပြိုင်နွှဲမည့်ပွဲပါသကဲ့သို့ လက်ဝှေ့ဝါသနာအိုးများမျှော်လင့်ကြသည့် မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံ ရွှေဆိုင်း(မြိုင်ကြီးငှ) နှင့် နာမည်ကြီး မြန်မာ့ရိုးရာ လက်ဝှေ့ကျော် ဝမ်ချိုင်းတို့၏ နိုင်ငံတကာပြိုင်ပွဲအတွက် လက်ရည်စစ်လက်ဝှေ့ပြိုင်ပွဲကြီးကို ကြည့်ကြရမည်ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတကာပြိုင်ပွဲ (ဂျပန်)မှ လက်ဝှေ့ကျော်များနှင့် ထိုးသတ်ရန်အတွက် မြန်မာ့ရိုးရာလက်ဝှေ့ကျော်များကို သင်ကြားလေ့ကျင့်ပေးနေသည့် ဇာနည်မောင်ကလပ်(မြိုင်ကြီးငှ)မှ ကိုရိုးရိုးထွေး၊ မြို့တော်စည်ပင်မှ ကိုမင်းဦးတို့နှင့်တွေ့ဆုံ၍ လေ့ကျင့်ပြင်ဆင်မှုအခြေအနေကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။ နည်းပြဆရာ ကိုရိုးရိုးထွေးက "မိမိတို့

လိုက်ဝိတ်တန်း လက်ရည်စစ် လူရွေးပွဲတွင် မာကျော ကျစ်လျစ်ပြီး အထူးကြိုးစားလေ့ကျင့်သည့် KLNကလပ်မှ လက်ဝှေ့သမား စောဇော်လွင်ကို ပထမအချီ ၂ မိနစ် ၅၃ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသူ ရှုံးပွဲမရှိသေးသည့် မြို့တော်စည်ပင်မှ နိုင်းဝမ်းလေး အောင်ပွဲခံနေစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဇာနည်မောင်ကလပ် (မြိုင်ကြီးငှ)ကို ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ထောင်ခဲ့ပြီး ယခုလက်ဝှေ့သမားရှစ်ဦးလေ့ကျင့်ပေးလျက်ရှိကြောင်း၊ မြန်မာရိုးရာ လက်ဝှေ့သမားရှစ်ဦးမှာ မြန်မာပြည် လက်ရှိချန်ပီယံ ရွှေဆိုင်း (မြိုင်ကြီးငှ)၊ စောငမန်း(ဘားအံ)၊ ဝမ်းစတား (ဘားအံ)၊ ရွှေထိပ်တင် (ဘားအံ)၊ ရွှေဒေါ်လာ (ဘားအံ)၊ သံယောဇဉ် (ဘားအံ)၊ လူလေး (မြိုင်ကြီးငှ)နှင့် ရွှေဇင်(မြိုင်ကြီးငှ) တို့ဖြစ်ကြသည်။ ရွှေဆိုင်း၊ စောငမန်းနှင့် လူလေးတို့ သုံးဦး ဧပြီ ၂၆ ရက်တွင်

နည်းပြဆရာ ရိုးရိုးထွေး(ဇာနည်မောင်ကလပ်)က ၎င်းလေ့ကျင့်ပေးနေသည့် လက်ဝှေ့သမားများအကြောင်း မြန်မာ့အလင်းသို့ ပြောကြားစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

နိုင်ငံတကာပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်နေကြောင်း၊ မိမိနှင့်အတူ ကိုကျော်စိုး(KLN)နှင့် တွဲ၍ နံနက် ၆ နာရီမှ ၈နာရီခွဲအထိ သက်လုံကောင်းရန် တာဝေးအပြေးလေ့ကျင့်မှုများနှင့် ကြံ့ခိုင်မှုရှိရန် ပါဝါထရိန်နင် (စက်ကိရိယာအကူအညီ) ဖြင့် လေ့ကျင့်နေကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ရိုးရိုးထွေးတို့နှင့်အတူ စခန်းသွင်း လေ့ကျင့်မှုပေးနေသည့် ရန်ကုန်မြို့တော်စည်ပင်မှ နည်းပြဆရာ ကိုမင်းဦးကလည်း "မိမိနာမည်ကြီး ဝမ်ချိုင်းကို လေ့ကျင့်ပေးနေကြောင်း၊ ဝမ်ချိုင်းသည် မစ်ဒယ်လ်ဝိတ်တန်းတွင် မြန်မာပြည် လက်ရှိချန်ပီယံ ရွှေဆိုင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဝမ်ချိုင်း မကြာမီက စိန်ခေါ်ပွဲ တစ်ပွဲ ထိုးထားပြီး လက်ရည်ပြည့်ဝနေသူဖြစ်သည်။ ဘယ်ညာတွဲ လက်သီးချက် မြန်ဆန်သွက်လက်ပြီး ပြင်းထန်လှသည်။ နှစ်ဦးစလုံး စခန်းသွင်း လေ့ကျင့်မှု အပြည့်အဝရှိ၍ ဝမ်ချိုင်းအတွက် သတိထားထိုးရမည် ဖြစ်သကဲ့သို့ ရွှေဆိုင်းအတွက်လည်း သရဖူကာကွယ်ပွဲ ထိုးသတ်ရမည်ဖြစ်၍ ပွဲကောင်းတစ်ဖွယ်ဖြစ်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားသွားသည်။ ။

(မြန်မာ့အလင်း)

နည်းပြဆရာ ကိုမင်းဦး(အလယ်လူ)က ဝမ်ချိုင်း၊နိုင်းဝမ်းလေးနှင့် ဝင်းထွန်းတို့၏ လေ့ကျင့်မှုနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အသားလှဆီများနှင့် ကိုယ်လိမ်းပေါင်ဒါ ဈေးကွက်မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

လန်ဒန်အခြေစိုက် Emami International၏အသားလှ ဆီများနှင့် ကိုယ်လိမ်းပေါင်ဒါတို့ကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးဈေးကွက် စတင်ဖွင့်လှစ်မိတ်ဆက်ပွဲကို ယမန်နေ့ ည ၇နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Emami International မှ Managing Director, Mr. Prashant Goenka က ကြိုဆိုနှုတ်ခွန်း ဆက်စကား ပြောကြားပြီး **(အပေါ်ပုံ)** Emami ၏ ရည်ရွယ်ချက်၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ကမ္ဘာတစ်ဝန်းလုံးသို့ Emami ၏ ကုန်ပစ္စည်းများ ဈေးကွက် ထိုးဖောက်အောင်မြင်မှု၊ မြန်မာနိုင်ငံ ဈေးကွက်အတွင်းသို့ တင်သွင်းသည့် အလှကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် အားသာချက်များ၊ ဆက်လက်တင်သွင်းမည့် အလှကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် အားသာချက်စသည်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် ဧည့်သည်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ Mr. Shreegopal Pandey က ပြန်လည်ဖြေကြားပြီး တက်ရောက်လာကြသော ဧည့်သည်များအား ညစာဖြင့်တည်ခင်းဧည့်ခံသည်။

မိတ်ဆက်တင်ပြမှုတွင် Emami Naturally Fair အလှဆီ၊ Himani Gold Cream နှင့် Lotion အသားလှဆီတို့ဖြစ်ပြီး ကိုယ်လိမ်းပေါင်ဒါမှာ Emami Golden Beauty ကိုယ်လိမ်းပေါင်ဒါတို့ ဖြစ်သည်။ မကြာမီတွင် Emami မှ ရွှေနှင့်ဝတ်ဆံနန္တင်းတို့၏ အကျိုးပြုမှုပေးမည့် အသားလှအရည်ခဲနှင့် ဆပ်ပြာတို့ကို ထပ်မံ တင်သွင်းဖြန့်ချိမည်ဟု သိရသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ် ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို ဇွန် ၁၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလွင်က မြို့နယ်အဆင့် ဌာနဆိုင်ရာများအား စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (ဝ၄၆)

ယူရို ၂၀၀၄ ပွဲကြိုသုံးသပ်ချက်

ခရိုအေးရှားက ဆွစ်ဇာလန်ကို နာတစ်ဖျားသာနေ ပြင်သစ်နှင့်အင်္ဂလန် ခြေမှန်သူက အနိုင်ရရှိမည်

ကိုထွေး – စုစည်းတင်ပြသည်

ရန်ကုန် ဇွန် ၁၂

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ(EURO 2004)ကို ပေါ်တူဂီနိုင်ငံ၌ ဇွန် ၁၂ ရက်မှ စတင်ကျင်းပလျက်ရှိရာ အိမ်ရှင်ပေါ်တူဂီအသင်းနှင့်အတူ ခြေစစ်ပွဲအောင်အသင်း ၁၅ သင်းတို့ အုပ်စုပွဲစဉ်များ အကြိတ်အနယ် ယှဉ်ပြိုင်ကစားလျက်ရှိကြသည်။ ယူရို၂၀၀၄ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့် ပြသလျက်ရှိရာ မြန်မာ့ဘောလုံးဝါသနာရှင်များအားပါးတရ ကြည့်ရှုခွင့်ရရှိကြပြီဖြစ်သည်။ အုပ်စု(ခ)ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ဇွန်၁၃ ရက်(ယနေ့) မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် ဆွစ်ဇာလန်နှင့် ခရိုအေးရှား၊ ဇွန် ၁၄ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် လက်ရှိချန်ပီယံ ပြင်သစ်နှင့် အင်္ဂလန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပြင်သစ်နှင့်အင်္ဂလန်

အုပ်စု(ခ)မှ လက်ရှိချန်ပီယံပြင်သစ်နှင့် အင်္ဂလန်တို့၏ပွဲစဉ်သည် တစ်ကမ္ဘာလုံးရှိ ဘောလုံးဝါသနာရှင်များ အထူးမျှော်လင့် စောင့်စားနေသော ပွဲကြီးပွဲကောင်းပင်ဖြစ်သည်။ အုပ်စုပွဲစဉ်များအနက် ပြင်သစ်နှင့်အင်္ဂလန်ပွဲကို ပရိသတ်စိတ်ဝင်စားမှု မြင့်မားသည့်အလျောက် မီဒီယာသမားများကလည်း ပြင်သစ်နှင့် အင်္ဂလန်ပွဲတွင် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများကို ပိုမို၍ အလေးထားသုံးသပ် ဖော်ပြခဲ့ကြသည်။ ပြင်သစ်နှင့်အင်္ဂလန်ပွဲသည် ပရိသတ်များ၏အာရုံကို ဖမ်းစားနိုင်လောက်သည့် အကြောင်းအချက်များကလည်း တစ်ပုံတစ်ပင်ရှိနေသည်။

ပြင်သစ်အသင်းသည် လက်ရှိချန်ပီယံဟူသော အရှိန်အဝါရှိနေသလို အင်္ဂလိပ်ပရီမီယာလိဂ်ချန်ပီယံ အာဆင်နယ်အသင်းမှ ဘောလုံးသမားများနှင့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ဇီဒန်း(ရီးယဲမက်ဒရစ်)တို့ ပါဝင်နေသည်။ အင်္ဂလန်အသင်းသည် ဥရောပဖလားဘောလုံးပြိုင်ပွဲ ကျင်းပခဲ့သည့် ၁၁ကြိမ်တွင် တစ်ကြိမ်မျှ ဖိုလ်စွဲခဲ့ဖူးခြင်းမရှိသော်လည်း အင်္ဂလိပ်ပရီမီယာလိဂ်၏အဆင့်အတန်းမြင့်မားမှုကြောင့် အင်္ဂလန်အသင်းကို ပရိသတ်အားပေးမှုများပြားပြီး ဖိုလ်စွဲနိုင်သည်ဟု ရေပန်းစားနေသည်။ အင်္ဂလန်နှင့် ပြင်သစ်အသင်းတို့တွင် အာဆင်နယ်၊ မန်ချက်စတာယူနိုက်တက်၊ ချယ်လ်ဆီးနှင့် လီဗာပူးတို့မှဘောလုံးသမားများ ပါဝင်နေသဖြင့် မြန်မာ့ဘောလုံးဝါသနာရှင်များ အထူးစိတ်ဝင်စားနေခြင်းလည်း ဖြစ်သည်။

ပြင်သစ်နှင့် အင်္ဂလန်ပွဲစဉ်အပေါ် အနိုင်အရှုံးအဖြေကို ကြိုတင်သုံးသပ်မှန်းဆလျက်ရှိကြရာ အကြိုက်ချင်း၊ သဘောထားချင်းမတူညီဘဲ အယူအဆကွဲပြားမှု အများဆုံး ဖြစ်နေသည်။ လက်ရှိချန်ပီယံ ပြင်သစ်အသင်းက ဖိုလ်စွဲနိုင်သည်ဟု ရေပန်းစားမှုအဆင့်(၁)၌ရှိနေပြီး အင်္ဂလန်အသင်းကဖိုလ်စွဲနိုင်သည်ဟု ရေပန်းစားမှုအဆင့်(၄)သာရှိသည်။ သို့သော် အဆိုပါ ရေပန်းစားမှုအဆင့်သည် အနိုင်အရှုံး အဖြေထုတ်ရာ၌ အရေးပါလှသည်တော့ မဟုတ်ပေ။

ပြင်သစ်အသင်းတွင် ကမ္ဘာကျော်ဘောလုံးသမားများဖြစ်ကြသည့် ဇီဒန်း၊ သူရမ်၊ အွန်နရီ၊ ထရက်ဇီဂေး၊ ဗီယာရာ၊ ရောဘတ်ပီရက်စ်တို့ ပါဝင်နေသကဲ့သို့ အင်္ဂလန်တွင် ဒေးဗစ်ဘက်ခမ်း၊ မိုက်ကယ်အိုဝင်၊ စတီဗင်ဂျာရတ်၊ ဆိုးကမ်းဘဲလ်၊ ပေါလ်စခိုးလ်တို့ ပါဝင်နေကြသည်။ ရီးယဲမက်ဒရစ်အသင်းမှ ကစားဖော်နှစ်ဦးဖြစ်သော ဇီဒန်းနှင့် ဒေးဗစ်ဘက်ခမ်းတို့သည် နှစ်သင်းစလုံးအတွက် အဓိကကျနေသည်။မန်ယူကမ်းမှ မခွာချင်ဘဲ ခွာခဲ့ရသော ပြင်သစ်ဂိုးသမား ဘားသက်ဇ်ကို တိုက်စစ်မှူး မိုက်ကယ်အိုဝင်က မန်ယူနှင့် လီဗာပူးဆုံတိုင်း ဂိုးသွင်းခဲ့ဖူးသည်ဖြစ်ရာ ဘားသက်ဇ်ကို ပွဲထုတ်လာလျှင် အင်္ဂလန် အကြိုက်တွေ့သွားနိုင်သည်။

အာဆင်နယ်အဖွဲ့သားများဖြစ်သော ရောဘတ်ပီရက်စ်၊ အွန်နရီ၊ ဝီးလ်တော့ဒ်နှင့် ဗီယာရာတို့ကို ဇီဒန်း၊ ဆာဟာတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားမည့် ပြင်သစ်တိုက်စစ်အားကလည်း ကြောက်ခမန်းလိလိပင် ဖြစ်သည်။ ဘောလုံးသမားအင်အားနှင့် ဘောလုံးပညာပိုင်းအရကြည့်လျှင် ပြင်သစ်ဘက်မှ အလေးသာနေသည်ကတော့ အမှန်ပင်။ ကစားအားနှင့် နိုင်လိုစိတ် ပြင်းပြမှုတွင် အင်္ဂလန်က ပို၍ မြင့်မားနေသည့်အချက်ကိုလည်း ထည့်တွက်ရမည်ဖြစ်သည်။ ဘောလုံးပွဲအနိုင်အရှုံးတွင် အရေးပါသည့် နည်းပြဆရာ၏ နည်းပရိယာယ်ကျွမ်းကျင်မှုအပိုင်း၌ ကြည့်လျှင် အင်္ဂလန်နည်းပြ အဲရစ်ဆင်က ပြင်သစ်နည်းပြ ဂျက်ဆန်တီနီထက် အားသာနေသည်။

အဲရစ်ဆင်က အင်္ဂလန်အသင်းနှင့် စာချုပ်သက်တမ်းတိုးသည့် သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည်မှာ မကြာလှသေးသော်လည်း ပြင်သစ်နည်းပြ ဂျက်ဆန်တီနီက ယူရို ၂၀၀၄ ပြိုင်ပွဲအပြီး စာချုပ်သက်တမ်းကုန်လျှင် အင်္ဂလန်မှ တော့တင်ဟမ်ဟော့စပါးသို့ ပြောင်းမည်ဖြစ်သည်။ ဤအချက်များကိုထောက်ဆ၍ သုံးသပ်လျှင် အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါးနှင့် မန်ယူနည်းပြ ဖာဂူဆန်တို့ပြောကြားခဲ့သလို သရေပွဲနှင့် အဆုံးသတ်သွားဖွယ်ရှိသည်။ စာရေးသူအနေဖြင့် ပြင်သစ်နှင့်အင်္ဂလန် နှစ်သင်းစလုံးခြေစွမ်းပြနိုင်တာချင်းတူလျှင် နာတစ်ဖျားအသာဖြင့် အနိုင်ရသွားမည့်သူမှာ ပြင်သစ်ဖြစ်မည်ဟု ထင်မိသည်။

ပြင်သစ်အသင်း

ပြင်သစ်အသင်းတွင် ပါဝင်သော ဘောလုံးသမား ၂၃ ဦးနှင့် ၎င်းတို့၏ ကျောနံပါတ်များမှာ (**ဂိုး**)ဘားသက်ဇ်(၁၆)၊ ကူးပက်(၂၃)၊ လန်ဒရူး(၁) (**နောက်တန်း**)ဘွန်ဆောင်း(၂)၊ ဒက်ဆယ်လီ(၈)၊ ဂါးလက်စ်(၅)၊ လီဇာရာဇူး(၃)၊ ဝီလီဆစ်ဂနော(၁၉)၊ ဆီဗက်စတာ(၁၃)၊ သူရမ်(၁၅)၊ (**အလယ်တန်း**)ဒါကုတ်(၁၇)၊ မက်ခီလီလီ(၆)၊ ပင်ဒရာလီ(၁၈)၊ ရောဘတ်ပီရက်စ်(၇)၊ ရိုသန်(၁၄)၊ ဗီယာရာ(၄)၊ ဇီဒန်း(၁၀)၊ (**ရှေ့တန်း**)ဝီးလ်တော့ဒ်(၁၁)၊ အွန်နရီ(၁၂)၊ မာလက်(၂၁)၊ ဆာဟာ(၉)၊ ထရက်ဇီဂေး(၂၀)၊ ဂိုဗူး(၂၂)တို့ဖြစ်ကြသည်။

အင်္ဂလန်အသင်း

အင်္ဂလန်အသင်းတွင် ပါဝင်သော ဘောလုံးသမား ၂၃ ဦးနှင့် ၎င်းတို့၏ ကျောနံပါတ်များမှာ (**ဂိုး**)ဒေးဗစ်ဂျိမ်း(၁)၊ ပေါလ်ရော်ဘင်ဆင်(၁၃)၊ အီယန်ဝေါလ်ကာ(၂၂)၊ (**နောက်တန်း**) ဂယ်ရီနဗီးလ်(၂)၊ အက်ရှလေကိုးလ်(၃)၊ ဂျွန်တယ်ရီ(၅)၊ ဆိုးကမ်းဘဲလ်(၆)၊ ဝိန်းဘရစ်ဂျ်(၁၂)၊ ဖီးနဗီးလ်(၁၄)၊ လက်ဒလေကင်း(၁၅)၊ ဂျေမီကာရာဂါ(၁၆)၊ (**အလယ်တန်း**) စတီဗင်ဂျာရတ်(၄)၊ ဒေးဗစ်ဘက်ခမ်း(၇)၊ ပေါစခိုးလ်(၈)၊ ဖရန့်လမ်းပတ်(၁၁)၊ နစ်ကီဘတ်(၁၇)၊အိုဝင်ဟားဂရေ့ဗ်(၁၈)၊ဂျိုးကိုးလ်(၁၉)၊ကီယွန်ဒိုင်ယာ(၂၀)၊ (**ရှေ့တန်း**) ဝိန်းရူနီ(၉)၊ မိုက်ကယ်အိုဝင်(၁၀)၊ အီမီလီဟက်စကီး(၂၁)၊ ဒါးရီးယက်ဗက်ဆဲလ်(၂၃)တို့ဖြစ်ကြသည်။

ခြေစစ်ပွဲစဉ်

ပြင်သစ်အသင်းသည် ခြေစစ်ပွဲစဉ်များတွင် အုပ်စု(၁)၌ဆလိုဗေးနီးယား၊ အစ္စရေး၊ ဆိုက်ပရပ်စ်၊ မော်လတာတို့နှင့်အတူ ပါဝင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ရှစ်ပွဲကစား၊ ရှစ်ပွဲနိုင် (၂၄)မှတ်ဖြင့် အုပ်စုပထမရရှိကာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များတွင် ၂၉ ဂိုးသွင်းပြီး နှစ်ဂိုးသာ သွင်းခံခဲ့ရသည်။

အင်္ဂလန်အသင်းသည် အုပ်စု(၇)၌ တူရကီ၊ ဆလိုဗားကီးယား၊ မက်ဆီဒိုးနီးယား၊ လက်ချင်စတိန်းတို့နှင့်အတူပါဝင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ရှစ်ပွဲကစား၊ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ အမှတ်(၂၀)ဖြင့် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များတွင် ၁၄ ဂိုးသွင်းပြီး ငါးဂိုးအသွင်းခံခဲ့ရသည်။

ဆွစ်ဇာလန်နှင့်ခရိုအေးရှား

ဆွစ်ဇာလန်နှင့် ခရိုအေးရှားပွဲစဉ်သည် နှစ်သင်းစလုံးအတွက် အုပ်စုတက်ရေးအရေးပါလျက်ရှိရာ အကြိတ်အနယ်ရှိမည်ဖြစ်သည်။ ယခုပွဲစဉ်မှ အမှတ်မယူနိုင်လျှင် အုပ်စုတက်ရေး မျှော်လင့်ချက် မှေးမှိန်သွားကြမည်ဖြစ်သည်။ ပြိုင်ပွဲအကြိုခြေစမ်းပွဲများတွင် ခြေစွမ်းပြနိုင်ခဲ့သော ခရိုအေးရှားအသင်းသည် ဆွစ်ဇာလန်ထက် နာတစ်ဖျားသာသည့် အနေအထားမှာရှိသည်။ ခရိုအေးရှားအသင်းတွင် မိုနာကိုမှ ရိန်းဂျားစ်သို့ ပြောင်းသွားသော တိုက်စစ်မှူးဒါတိုပါဆို၊ ဘိုင်ယန်မြူးနစ်မှ ရောဘတ်ကိုဗက်ချ်၊ ဂျူဗင်းတပ်မှ အီဂေါတူဒေါ၊ အန်ကိုနာမှ ရာပီယက်၊ စီအက်စ်ကေအေမော်စကိုမှ အိုင်ဗာကာအိုလစ်တို့လိုအရည်အသွေးကောင်းသော ဘောလုံးသမားများ ပါဝင်နေသည်။ ဆွစ်ဇာလန်အသင်းတွင် ပြိုင်ပွဲနီးမှ ဒဏ်ရာရရှိမှုကြောင့် အမာခံကစားသမားအချို့ မပါဝင်နိုင်ခဲ့ပေ။

ခရိုအေးရှားအသင်းသည် ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့ပြီး ၁၉၉၆ ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်ထိတက်ရောက်နိုင်ခဲ့သည်။ ဆွစ်ဇာလန်အသင်းသည် ၁၉၉၆ခုနှစ် ဥရောပပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း အုပ်စုအဆင့်မှပင် ထွက်ခဲ့ရသည်။ စာရေးသူအနေဖြင့် ခရိုအေးရှားအနိုင်ရမည်ဟု တွေးထင်နေမိသည်။

ဆွစ်ဇာလန်အသင်း

ဆွစ်ဇာလန်အသင်း၏ နည်းပြအဖြစ် ကိုဘီခန်း(ဆွစ်ဇာလန်)က တာဝန်ယူမည်ဖြစ်သည်။ ဆွစ်ဇာလန်အသင်းမှ ဘောလုံးသမား ၂၃ ဦးနှင့် ၎င်းတို့၏ ကျောနံပါတ်များမှာ (**ဂိုး**) ဘော်ရာ(၂၃)၊ ဇူဘာဘူလာ(၁၂)၊ စတိုင်လ်(၁)၊ (**နောက်တန်း**)ဘာနာ(၃)၊ ဘန့်တ်ဟားစ်(၂)၊ ဟန်ချော့စ်(၄)၊ မူလာ(၂၀)၊ မူရတ်ဟာကင်(၅)၊ ဖိုင်ဆစ်ဂ်(၁၃)၊ စပိုင်ချာ(၁၇)၊ မဂ်နင်(၁၄)၊(**အလယ်တန်း**)ကာဘာနက်စ်(၇)၊ ဆီလက်စ်တီနီ(၁၆)၊ ဝစ်ကီ(၈)၊ ဟူဂျယ်(၁၈)၊ ဟာကန်ယာကင်(၁၀)၊ လွန်ဖတ်(၁၉)၊ ဗိုဂျယ်(၆)၊ (**ရှေ့တန်း**) ချာပူဆတ် ဖရိုင်း(၉)၊ ရာမာ(၂၁)၊ ဖိုင်ဂတ်(၁၅)၊ ဘိုလစ်သန်(၂၂)တို့ ဖြစ်ကြသည်။

ခရိုအေးရှားအသင်း

ခရိုအေးရှားအသင်း၏ နည်းပြအဖြစ် အော့တိုဘာရစ်(ခရိုအေးရှား)က တာဝန်ယူမည်ဖြစ်သည်။ခရိုအေးရှားအသင်းမှ ဘောလုံးသမား ၂၃ ဦးနှင့် ၎င်းတို့၏ကျောနံပါတ်များမှာ (**ဂိုး**) ကိုဆာ(၁)၊ ဘူတီနာ(၁၂)၊ ဒီဒူလီကာ(၂၃)၊ (**နောက်တန်း**)ဆီဗစ်(၁၃)၊ ရောဘတ်ကိုဗက်(၂၁)၊ အီဂေါတူဒေါ(၅)၊ ဇစ်ကိုဗစ်(၆)၊ ဆီမြူနစ်(၃)၊ သောမတ်စ်(၄)၊ နီရက်ဂျက်(၁၄)၊ တိုကစ်(၂)၊ (**အလယ်တန်း**) နီကိုကိုဗက်(၁၀)၊ မီလန်ရာပါ(၇)၊ လီကို(၁၅)၊ ဘာတစ်(၁၆)၊ ဆာနာ(၈)၊ ဘီဂျလီကာ(၂၂)၊ ရော့ဆို(၂၀)၊ (**ရှေ့တန်း**)ဒါတိုပါဆို(၉)၊ ဆိုကိုတာ(၁၁)၊ မော်နာ(၁၉)၊ အိုင်ဗာကာအိုလစ်(၁၈)၊ ကာလာစနစ်(၁၇)တို့ ဖြစ်ကြသည်။

ခြေစစ်ပွဲ

ဆွစ်ဇာလန်အသင်းသည် ခြေစစ်ပွဲဝင်စဉ်က အုပ်စု(၁၀)၌ ရုရှား၊ အိုင်ယာလန်၊အယ်လ်ဘေးနီးယား၊ ဂျော်ဂျီယာတို့နှင့်အတူ ပါဝင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ရှစ်ပွဲကစား၊ လေးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး (၁၅)မှတ်ဖြင့် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များတွင် ၁၅ ဂိုးသွင်းပြီး ၁၁ ဂိုးအသွင်းခံခဲ့ရသည်။

ခရိုအေးရှားအသင်းသည် ခြေစစ်ပွဲဝင်စဉ်က အုပ်စု(၈)၌ ဘူလ်ဂေးရီးယား၊ ဘယ်လ်ဂျီယံ၊ အက်စ်တိုးနီးယား၊ အင်ဒိုရာတို့နှင့်အတူ ပါဝင်ခဲ့သည်။ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ရှစ်ပွဲကစား၊ ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး (၁၆)မှတ်ဖြင့် အုပ်စုဒုတိယသာရရှိခဲ့သည်။ရှုံးထွက်အဆင့် (Play-off)တွင် ဆလိုဗားကီးယားကို အိမ်ကွင်း၌ တစ်ဂိုးစီ သရေ၊ အဝေးကွင်း၌ တစ်ဂိုး–ဂိုးမရှိ၊ နှစ်ပွဲပေါင်း နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခြေစစ်ပွဲ အောင်မြင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များတွင် ၁၄ ဂိုးသွင်းပြီး ငါးဂိုးအသွင်းခံခဲ့ရပေသည်။ ။ (**မြန်မာ့အလင်း**)



အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း ဤကဲ့သို့ အောင်ပွဲခံ ပျော်မြူးနိုင်ပါမည်လား။ (**ဓာတ်ပုံ–အင်တာနက်**)

ပြင်သစ်အသင်းမှ အလယ်တန်းလူ ဇီဒန်း အင်္ဂလန်အသင်းအား မွှေနှောက်နိုင်ပါမည်လော။ (**ဓာတ်ပုံ–အင်တာနက်**)

ဆီအုန်းစိုက်ပျိုးရေး အောင်မြင်စေရန် အောက်ပါအတိုင်းဆောင်ရွက်ပါ

၁။ ဆီအုန်းစိုက်ရန် အနည်းဆုံးနှစ်နှစ်ခန့် ကြိုတင်စီမံရန်လိုအပ်သဖြင့် နှစ်အလိုက် စိုက်ပျိုးမည့်ကေလျာထားချက်ကို ကြိုတင်သတ်မှတ် ရေးဆွဲထားပါ။
၂။ ရာသီဥတုကိုက်ညီပြီး မြေသားအထူ အနည်းဆုံးသုံးပေရှိသော နေရာများတွင် စိုက်ပါ။
၃။ ခြံသုံးပစ္စည်းများပို့ဆောင်ရေး၊ စိုက်ပျိုးထိန်းသိမ်းမှုလွယ်ကူရေးနှင့် ဆီသီးခိုင်များဝယ်ယူနိုင်ရေးတို့အတွက် ခြံတွင်းလမ်းများကို ကြိုတင်၍ စနစ်တကျ အကွက်ချ လျာထားဖောက်လုပ်ပါ။
၄။ ဆီထွက်နှုန်းကောင်းသော တင်နရာ(စပ်မျိုး)ကို အသုံးပြုပါ။
၅။ ၁၂ လမှ ၁၈ လသားအရွယ်ရှိ ပျိုးပင်များကို စိုက်ပါ။
၆။ နှစ်စဉ် မေလ (နောက်ဆုံးပတ်)မှ ဇူလိုင်လကုန်အတွင်း စိုက်ခင်းများကို အပြီးစိုက်ပါ။ ပင်သေ၊ ပင်ပျောက်များကို အပြီးဖာထေးပါ။
၇။ ကျန်ကာလများတွင် စိုက်ခင်းပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရာသီကိုက် ဆောင်ရွက်ပါ။
၈။ ဆီအုန်းစိုက်ခင်းများတွင် မြေဆီထိန်းပဲ စိုက်ပျိုးခြင်း၊ သင့်လျော်သောကြားသီးနှံများ စိုက်ပျိုးခြင်းတို့ဖြင့် ပေါင်းပင်များကို နိုင်အောင်နှိမ်နင်းပါ။
၉။ မိုးဦးတစ်ကြိမ်၊ မိုးနှောင်းတစ်ကြိမ် သတ်မှတ်မြေသြဇာများကို အလေးချိန်နှင့် အချိုးအစား မှန်ကန်စွာကျွေးပါ။
၁၀။ ဆီအုန်းစိုက်ခင်းတွင် ကျရောက်ဖျက်ဆီးတတ်သော ပိုးမွှားနှင့် ကြွက်၊ ပွေး စသည့်တိရစ္ဆာန်များကို ကာကွယ်နှိမ်နင်းပါ။
၁၁။ ဆီအုန်းစိုက်ခင်း နှစ်နှစ်သားအရွယ်တွင် ဆီကြိတ်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း စတင်ပါ၊ သက်တမ်းသုံးနှစ်ပြည့်ချိန်တွင် စက်အသင့်ဖြစ်အောင် ဆောင်ရွက်ပါ။
၁၂။ နီးစပ်ရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် ဆက်သွယ်၍ အကြံဉာဏ် ရယူဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန နည်းပညာသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် Intergraph Co.တို့ ပူးပေါင်းဖွင့်လှစ်သော Remote Sensing နည်းပညာ သင်တန်းဆင်းပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက ကမ္ဘာအေးဘုရားလမ်း စိမ်းလဲ့မေ ရိပ်သာလမ်းသွယ်ရှိ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်)အစည်းအဝေးခန်းမတွင် ကျင်းပသည်။ သင်တန်းဆင်းပွဲသို့ မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ Intergraph Co.မှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ Remote Sensing နည်းပညာ သင်တန်းကို ဇွန် ၁ ရက်မှ ၁၁ ရက်အထိ Intergraph Co.မှ ဦးဝင်းကိုကိုက သင်တန်းပို့ချပေးခဲ့ပြီး သင်တန်းသို့ သင်တန်းသား ၅၂ ဦး တက်ရောက်၍ စာတွေ့၊ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် Remote Sensing နည်းပညာဖြင့် ဂြိုဟ်တုဓာတ်ပုံများကို အသုံးချ၍ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်၏ ၂၀၀၄-၂၀၀၅ ခုနှစ် စပါးစိုက်ပျိုးထုတ်လုပ်မှုကို PilotTest အဖြစ် စမ်းသပ်စာရင်းပြုစုဆောင်ရွက်သွားမည်ဖြစ်သည်။ **(က-ပ)**

သိမ်နှင့်သိမ်ကျောင်းနှိုးဆော်စာ

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက် (မေခအိမ်ရာ၊ကုလားစုမှတ်တိုင်) လေးထောင့်ကန်လမ်းမကြီး အောင်ရာမြေပရိယတ္တိစာသင်တိုက် ပဓာန နာယက (အမ်း၊ ချင်း သာသနာပြုဆရာတော်ကြီး) ဘဒ္ဒန္တ ဝရာလင်္ကာရနှင့် စာချ၊ စာသင်ရဟန်း၊ သာမဏေ (၁၀၁)ပါးသီတင်းသုံးလျက်ရှိပါသည်။ သိမ်နှင့်သုံးထပ်သိမ်ကျောင်းဆောက်လုပ်ရန် လိုအပ်လာပါသဖြင့် ၁၀-၁၀-၂၀၀၃ရက်မှ စတင်တည်ဆောက်နေပြီး ၁-၆-၂၀၀၄ရက်အထိ ၈၀ရာခိုင်နှုန်း တည်ဆောက်ပြီးစီးလျက်ရှိရာ ပဋ္ဌာန်းဆက်ပါသူများ၊ ဒါနပါရမီဖြည့်လိုသူများ ကျောင်းတိုက် ဖုန်း-၀၁-၅၇၃၃၄၇သို့ ၂၈-၁၀-၂၀၀၄ရက်အတွင်း ဆက်သွယ်လာရောက် လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

သိမ်နှင့်သိမ်ကျောင်း ဖြစ်မြောက်ရေး ကျောင်းဒကာများအဖွဲ့

ပညာရေးဝန်ကြီး ဌာန ကျောင်းမိသားစု အုပ်စု(၃) ၏ ၂၀၀၄ခုနှစ်အမျိုးသား ပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲနှင့် အီလက်ထရွန်နစ်စနစ်သုံး စီမံခန့်ခွဲမှု သင်တန်းမှ လုပ်ငန်းလမ်းညွှန်ချက်များ ထပ်ဆင့်၍ ရှင်းလင်းပွဲအခမ်းအနားကို ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း၌ကျင်းပရာ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဘိုဝင်းက အမှာစကားပြောကြားစဉ်။(က-ပ)

ညောင်ရိပ်သာအခါဌာန်တရားစခန်း

ရန်ကုန် ဇွန် ၁၂

သာကေတမြို့ ကျက်သရေဆောင် ၁၀ တောင်ရပ်ကွက် ၁၀၈ တောင်စွယ်တော်ရှင်ဘုရားကြီးအနီး ညောင်ရိပ်သာ လေးထပ်ဓမ္မဗိမာန်နှင့် ငါးထပ်သဒ္ဓမ္မဇယန္တ ဗောဓိကောင်းကင်ပါသာဒသိမ်တော်တွင် ပဓာန နာယက အရှင်ကေသရာဘိဝံသ ဆရာတော်က လယ်တီဆရာတော်ကြီး၏ (ကာယာနုပဿနာနှင့်ဓာတုမနသိကာရ) နည်းအရ ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက်အထိခုနစ်ရက်အခါဌာန်တရားစခန်း ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူယောဂီများသည် ဖုန်း-၅၄၇၀၂၅သို့ ဆက်သွယ်ဝင်ရောက်နိုင်ကြောင်းနှင့်ဆွမ်းဝေယျာဝစ္စ(အခမဲ့) ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇွန် ၂ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းမှ မြို့နယ်အတွင်းရှိ နေ့ကလေးထိန်းကျောင်းများ ဆေးစိမ်ခြင်ထောင်ပေးအပ်ပွဲနှင့် သွေးလွန်တုပ်ကွေး အကြောင်း သရုပ်ပြဟောပြောပွဲကို အသင်းရုံးတွင်ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်လွင်လွင်က သွေးလွန်တုပ်ကွေး အသိပညာပေးဟောပြောပြီး အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်နွယ်မာဝင်းက မြို့နယ်အတွင်းရှိ မူကြိုကျောင်းများအား ဆေးစိမ်ခြင်ထောင်များ ပေးအပ်စဉ်။

(မြန်မာ့အလင်း)

ဝိပဿနာရှုပွားနည်း သင်တန်းပို့ချမည်

ရန်ကုန် ဇွန် ၁၂

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း အနာဂါမ်ဆရာသက်ကြီး၏ သားတပည့်ဖြစ်သော ဆရာကြီးဦးသန်းရွှေ (ဒလအံ့ကြီး)က သင်္ဃန်းကျွန်းမြို့နယ် ဆုတောင်းပြည့် ရန်မျိုးအောင် စေတီတော်အနီး စံပြရပ်ကွက်လုံးဆိုင်ရာ မဟာဓမ္မပါလ ဓမ္မာရုံကြီး၌ ခန္ဓာဉာဏ်ရောက်အောင် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဇွန်၁၇ ရက်(ကြာသပတေးနေ့)မှ ၂၃ ရက်(ဗုဒ္ဓဟူးနေ့) အထိ ခုနစ်ရက်တိုင်တိုင် နေ့စဉ်ညနေ ၅ နာရီမှ ည ၇ နာရီအထိ သင်တန်းပို့ချမည်ဖြစ်ရာ မည်သူမဆို တရားအားထုတ်နိုင်ကြောင်း သိရသည်။

(ဝ၅၂)

လက်ထပ်ပြီးစီးခြင်း

ပေါက်ခေါင်းမြို့နေ (ဦးလှကြည်)-ဒေါ်မမကြီး၊
(ဦးညီငယ်လေး)-ဒေါ်မလေးတို့၏မြေး၊
ဦးသန်းထွန်း-ဒေါ်မြင့်မြင့်ကြည် တို့၏တစ်ဦးတည်းသောသား
မောင်ရဲထွန်း **B.Sc (Physics)**
နှင့်
ပေါက်ခေါင်းမြို့နေ (ဦးညီ)-ဒေါ်လှကြည်တို့၏မြေး၊
ဦးမြဝင်း-ဒေါ်ထွေးရီတို့၏သမီး
မမြနှင်းအေး **B.Sc (Chemistry)**

တို့သည် ၁၅-၅-၂၀၀၄ ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ ရှေ့မှောက်၌လက်ထပ်ပြီးစီးပါကြောင်း။

မောင်ရဲထွန်း-မမြနှင်းအေး။

ကျေးဇူးဆပ်ပါမည်

၁၁-၆- ၂၀၀၄ ရက်တွင် မော်လမြိုင်-သထုံကားလမ်း တစ်နေရာ၌ Golf အိတ်နှစ်အိတ် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၆၆၇၀၄၃၊ ၆၆၇၀၉၆၊ ၀၉-၅၀၀၀၇၉၇၊ ၀၉-၅၀၀၀၇၉၉။

ဦးခင်တိုးနှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ဒေါ်အေးမီလေး(X/RGN-009992)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မစ်ဆူဘီရှီလင်ဆာ(အစိမ်းရောင်) ယာဉ်အမှတ် ကက/၁၄၈၉ သည် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ အမှတ် ၇၆/ဘီ (၆ လွှာ)နေ ဦးခင်တိုး (SCG-006365)နှင့် ကျွန်ုပ်တို့၏အမှုသည် ဒေါ်အေးမီလေးတို့ နှစ်ဦးပူးတွဲပိုင်ဆိုင်သော ကားဖြစ်ပါသည်။ အဆိုပါကားကို ကျွန်ုပ်တို့၏ အမှုသည် ဒေါ်အေးမီလေး၏ သဘောတူညီမှု မပါရှိဘဲ ဦးခင်တိုး၏ တစ်ဦးတည်းဆန္ဒဖြင့် ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပေါင်နှံခြင်းများ လုံးဝမပြုလုပ်ရန် သတိပေးတားမြစ်ပြီး စွန့်စားဝယ်ယူသူများရှိပါက ထိုသူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှမိုး	**ဦးအောင်မျိုး**
LL.B	**LL.B,D.B.L., D.A.Psy**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**
စဉ်-၂၂၄၄၂	**စဉ်-၂၂၂၇၃**

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် ၁၄(စ)နေ ကျွန်ုပ်၏အမှုသည် ဒေါ်မူစော(ခ)နော်ခင်စောလှ မှတ်ပုံတင်အမှတ် A.D-၀၄၃၀၁၁နှင့် နော်တကူဖော မှတ်ပုံတင်အမှတ် N/OKA-၀၄၁၉၇၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ သင်္ဃန်းကျွန်းကြီး စံပြကျေးရွာအုပ်စု၊ ကာယရပ်ကွက်၊ ၁၁ လမ်းရှိ ခြံမြေကွက်အမှတ်(၂၉၈)ဟု ခေါ်တွင်သည့် မြေကွက်အား ဒေါ်မူစော(ခ) နော်ခင်စောလှနှင့် နော်တကူဖောတို့က မူလပိုင်ရှင်ဖြစ်သူ ဦးမြင့်ငွေ မှတ်ပုံတင်အမှတ် ISN-၄၇၂၈၈၅ ၏ ကတ္တိမမွေးစားသမီးဖြစ်သူ ဒေါ်ခင်မြင့်မြင့် ၁၄/ငပတ(နိုင်)၁၃၉၅၁၃ ထံမှ ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားသော ခြံမြေကွက်ဖြစ်ပါသည်။

၎င်းခြံမြေကွက်အား ကျွန်ုပ်၏အမှုသည်များက သက်ဆိုင်ရာဌာနတွင် မြေငှားဂရန် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းတို့ဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသောင်းညွှန့်(ဆင်ဖြူကျွန်း)
B.Sc, R.L, DBL,DML,MPA(Thesis)
တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ
Thaung Nyunt & Associates(Law Firm)Bldg-603/A,4 Fl, Pyay Road, Kamayut Tsp, Yangon, Tel:95-1-728393,701439
e-mail:tnalaw @ myanmar. com.mm

ရော်ဘာစိုက်ပျိုးရေးအောင်မြင်စေရန် အောက်ပါအတိုင်းဆောင်ရွက်ပါ

၁။ ရော်ဘာစိုက်ရန် အနည်းဆုံးနှစ်နှစ်ခန့် ကြိုတင်စီမံရန်လိုအပ်သဖြင့် နှစ်အလိုက် စိုက်ပျိုးမည့် ဇယားချက်ကို ကြိုတင်သတ်မှတ် ရေးဆွဲထားပါ။
၂။ ရာသီဥတုကိုက်ညီပြီး မြေသားအထူ အနည်းဆုံးလေးပေခန့်ရှိသော နေရာများတွင်စိုက်ပါ။
၃။ ခြံသုံးပစ္စည်းများပို့ဆောင်ရေး၊ စိုက်ပျိုးထိန်းသိမ်းမှုနှင့် အစေးလှီး သယ်ယူရာတွင် လွယ်ကူရေးတို့အတွက် လိုအပ်သည့် ခြံတွင်းကုန်ထုတ်လမ်းများကို လုံလောက်စွာစနစ်တကျ အကွက်ချလျာထားဖောက်လုပ်ပါ။
၄။ အစေးထွက်ကောင်းသော **PB 260, PB 235, RRIM 600, RRIM 623, RRIM 717, BPM 24, RRIC 100, RRIC 110** နှင့် နောင်နန်းမျိုးသန့်စေ့မျိုးများကိုစိုက်ပါ။
၅။ ရော်ဘာပျိုးပင်များရရှိရေးအတွက် စိုက်ချိန်မတိုင်မီ အနည်းဆုံးတစ်နှစ်ကြိုတင်၍ ဆောင်ရွက်ပါ။
၆။ နှစ်စဉ်မေလ(နောက်ဆုံးပတ်)မှ ဇူလိုင်လကုန်အတွင်း စိုက်ခင်းများကို အပြီးစိုက်ပါ။ လိုအပ်သည့်နေရာတွင် ဖာထေးစိုက်ပါ။
၇။ အပင်ဖာထေးစိုက်ပျိုးခြင်းကို သက်တမ်းသုံးနှစ်အတွင်း အပြီးဆောင်ရွက်ပါ။
၈။ ကျန်ကာလများတွင် စိုက်ခင်းပြုစုထိန်းသိမ်းခြင်းကို အောက်ပါအတိုင်း ရာသီမီဆောင်ရွက်ပါ။
(က) ခြောက်ပေ ရှစ်ပေ လိုင်းတန်းပေါင်းရှင်းခြင်းကို မိုးဦး(မေ၊ဇွန်)လများတွင် ဆောင်ရွက်ပြီး မိုးနှောင်း ဓာတ်မြေဩဇာမကျွေးမီ (စက်တင်ဘာလ)တွင် အပြီးဆောင်ရွက်ပါ။
(ခ) အပင်လိုင်းတန်းကြား ပေါင်းခုတ်ခြင်းကို မိုးဦးတွင်(ဇွန်-ဇူလိုင်)လများတွင်လည်းကောင်း၊ မိုးနှောင်းတွင် (စက်တင်ဘာ-အောက်တိုဘာ)လများတွင် ဆောင်ရွက်ပါ။
(ဂ) မိုးဦးမြေဩဇာကျွေးခြင်းကို ဇွန်လတွင်လည်းကောင်း၊ မိုးနှောင်းမြေဩဇာကျွေးခြင်းကို စက်တင်ဘာလတွင်လည်းကောင်း သတ်မှတ်မြေဩဇာ၊ အလေးချိန်၊ အမျိုးအစားနှင့် နည်းစနစ်မှန်ကန်စွာကျွေးပါ။
(ဃ) အစိုဓာတ်ထိန်းခြင်းကို စက်တင်ဘာ၊ အောက်တိုဘာလများတွင် စနစ်တကျပြုလုပ်ပါ။
၉။ ခြံပတ်နှင့် ခြံတွင်းမီးတားလမ်းများကို နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် ပြုလုပ်ပါ။
၁၀။ ရော်ဘာစိုက်ပျိုးရေးအောင်မြင်စေရန်အတွက် နီးစပ်ရာမြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့်ဆက်သွယ်၍ အကြံဉာဏ်များ ရယူဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အိန္ဒိယ နိုင်ငံ တက္ကသိုလ် ၁၀ခု တို့၌ ပညာသင်ကြားနေသော မြန်မာပညာတော်သင်ရဟန်း ၈၅ ပါးအတွက်အလှူငွေ ပေးအပ်ပွဲတွင်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (သတင်းစဉ်)

ပန်းချီထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဦးသန်းအောင် ဂုဏ်ပြုအမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်သည် ဇွန် ၁၀ ရက် နံနက် ၉ နာရီက ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ပန်းချီထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဦးမျိုးညွန့်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ဒုတိယပါမောက္ခချုပ်များနှင့်တာဝန်ရှိသူများ၊ ပန်းချီထူးချွန်ဆုရ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ပန်းချီနည်းပြ ဆရာ ဆရာမများ၊ ပန်းချီထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင်ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က ပညာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၊ ပြပွဲများ၊ အခမ်းအနားများကျင်းပသည့်စိန်ရတုခန်းမကြီး၌ ပန်းချီထူးချွန် ကျောင်းသား ကျောင်းသူများ၏ ပန်းချီအနုပညာလက်ရာများဖြင့် မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်ကြွယ်ဝမှုများကို ဖန်တီးရေးဆွဲ ပြသထားရေးနှင့်စပ်လျဉ်း၍ ပြောကြားပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အိန္ဒိယတက္ကသိုလ်များ၌ ပညာသင်ကြားနေသော ရဟန်းတော်များအတွက် ဗုဒ္ဓဂယာဘုရားဖူးပြန် အလှူရှင်များနှင့်စေတနာရှင်များ ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၂

အိန္ဒိယနိုင်ငံ တက္ကသိုလ်ကြီး ၁၀ခုတို့၌ ပညာသင်ကြားနေကြသော မြန်မာပညာတော်သင်ရဟန်း၈၅ပါးတို့အတွက် ဗုဒ္ဓဂယာဘုရားဖူးပြန် အလှူရှင်များနှင့် စေတနာရှင်များ၏ စတုတ္ထအကြိမ်အလှူတော်ငွေပေးအပ်ပွဲနှင့် ဂုဏ်ထူးဆောင် စေတနာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ဇွန်၁၀ရက် နံနက်၈နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရာသက်ပန် အလှူရှင်များဖြစ်ကြသည့် သီတဂူဆရာတော်အား အမှူးပြုသော ရာသက်ပန် အလှူရှင်များက အမေရိကန်ဒေါ်လာ ၆၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်လှဝင်း-ဒေါ်ဖြူဖြူခင် မိသားစုက အမေရိကန်ဒေါ်လာ၁၂၀၀၊ဦးသန်းလွင်-ဒေါ်ခင်ခင်သိန်း မိသားစုက အမေရိကန်ဒေါ်လာ၁၂၀၀တို့ကိုပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ဂုဏ်ထူးဆောင် စေတနာရှင်များဖြစ်ကြသော ဦးရာဇိန္ဒ (နာလန္ဒာတက္ကသိုလ်)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကြင်ခိုင်၊ တိပိဋကမင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသအားအမှူးထား၍မောင်ဝိတ်နှင့် မိသားစုကုမ္ပဏီ၊ ဦးခင်မောင်ချို ညွှန်ကြားရေးမှူး(ငြိမ်း)-ဇနီးဒေါ်ခင်အုန်းချိုနှင့် ဦးစိန်လင်း အင်ဂျင်နီယာမှူးကြီး (ငြိမ်း)-ဇနီး ဒေါ်နှင်းရီ (ဆောက်လုပ်ရေးမန္တလေး)တို့အားဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၏ ဇနီး ဒေါ်ခင်မာအေးနှင့် စေတနာရှင်များက အလှူငွေကျပ်၉၀၅၄၀၀၊ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ဇနီး ဒေါ်ကြင်ခိုင်နှင့် စေတနာရှင်များက ငွေကျပ် ၁၁၆၀၉၅၀၊ ဦးကြည်ဝင်း၊ ဇနီး ဒေါ်ရည်လေးချိုနှင့်စေတနာရှင်များက ငွေကျပ်၁၁၀၀၅၀၀၊တိပိဋက မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသအားအမှူးထား၍ မောင်ဝိတ်မိသားစု ကုမ္ပဏီနှင့် စေတနာရှင်များက ငွေကျပ် သိန်း၃၀၊ ဦးမောင်ချို-ဒေါ်ခင်အုန်းချိုမိသားစုနှင့်စေတနာရှင်များက ငွေကျပ်၇၃၉၅၁၀၊ ဒဂုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ပညာရေးမိသားစုများက ငွေကျပ် ၃၀၀၀၀၀၊ ဒေါ်နီနီမြင့် အမှတ် ၂၆၊ ၂၄လမ်း လသာမြို့နယ် ရန်ကုန်က အမေရိကန် ဒေါ်လာ၃၀၀၊ ညောင်ကန်အေး ဆရာတော်နှင့် တပည့်များက အမေရိကန် ဒေါ်လာ၂၀၀၊ ရန်ကုန်မြို့ ၄၆လမ်းမှ ဒေါ်ဌေးဌေး မိသားစုက အမေရိကန်ဒေါ်လာ၁၀၀၊ မောင်မောင်၊ ယဉ်ယဉ်အေး၊ တီးတီး၊ မဥမ္မာ၊ ကိုနေအောင်၊ မသူဇာတို့က အမေရိကန် ဒေါ်လာ၁၀၀၊ ဒေါ်မေသက်ခိုင် လသာလမ်း ရန်ကုန်က အမေရိကန် ဒေါ်လာ ၅၀၊ ဒေါက်တာဦးအောင်ဝင်း၊ ဒေါ်ဥဥအောင် သမီး မသွန်းဖြိုးဆုလာဘ်လှိုင် မိသားစုက ငွေကျပ်၂၀၀၀၀၀၊ ဦးမြတ်ဝင်း-ဒေါ်ချယ်ရီမိသားစုက ငွေကျပ် ၂၀၀၀၀၀၊ ဦးတင်ဝင်း-ဒေါ်ယဉ်ယဉ်ချို မိသားစုနှင့် စေတနာရှင်များက ငွေကျပ် ၁၉၀၀၀၀၊ မဟာသွံ့သာရဆရာတော် ဦးကုမာရနှင့် တပည့်ဒါယကာ ဒါယိကာမများက ငွေကျပ် ၁၀၀၀၀၀၊ငွေကျပ် ၁၀၀၀၀၀ အလှူရှင် ၁၄ဦး၊ ငွေကျပ် ၈၀၀၀၀ အလှူရှင်တစ်ဦး၊ ငွေကျပ် ၅၀၀၀၀ အလှူရှင် ၁၉ဦးနှင့် သီဟသုဓမ္မမဏိဇောတဓရ အလှူရှင် ဦးညိုက ရူပီးငွေ ၃၀၀၀ တို့ကို ပေးအပ် လှူဒါန်းကြရာ သာသနာရေး ဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ယနေ့လှူဒါန်းသော အလှူငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၈၅၀၊ ရူပီးငွေ၅၁၅၀နှင့် ငွေကျပ်သိန်း၉၀ ကျော် ဖြစ်သည်။

(သတင်းစဉ်)

ပညာသင်စရိတ်ထောက်ပံ့၊ အသုံးလုံးသင်တန်းဆင်း

ရန်ကုန် ဇွန် ၁၂

၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် အသုံးလုံးသင်တန်းဆင်းပွဲကို ဇွန်၆ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထားရပ်ကွက်ရှိ အမက (၂၃)တွင် ကျင်းပသည်။

ရှေးဦးစွာ မီးရထား ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားသို့မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးတင်အေး၊မြို့နယ်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌဒေါ်ခင်မြင့်တို့ တက်ရောက်ကြသည်။ ထို့နောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်က ကျောင်းအုပ်ဆရာကြီး ဦးစန်းဝင်းထံသို့ မူလတန်းဆင့် ကျောင်းသားကျောင်းသူ၂၉ဦး၊ အလယ်တန်းဆင့် ခြောက်ဦးနှင့် အထက်တန်းဆင့်တစ်ဦး စုစုပေါင်းငွေ ၁၃၉၈၆၉ကျပ်ကိုပေးအပ်လိုက်ကြောင်းသိရသည်။ **(က-ပ)**

တားမြစ်နေရာများ၌ ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် ကြေညာ

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်း ရေပြင်အတွင်းရှိ ငါး၊ပုစွန်သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းရန်လို့ငှာ ငါး၊ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ၂၀၀၄ခုနှစ် ဇွန်လ၁ရက်နေ့မှ ၂၀၀၄ခုနှစ် ဩဂုတ်လ၃၁ရက်နေ့အထိကို အောက်ဖော်ပြပါ တည်နေရာများအတွင်း ကမ်းနီး ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန်ကို ညွှန်ကြားချက်အမှတ် (၂/၂၀၀၄) ဖြင့် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန် တားမြစ်ထားသည့်တည်နေရာမှာ-

ရခိုင်ငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၈ဒီဂရီ၃၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀မိနစ်အတွင်း (ငါးဖမ်းကွက်အမှတ် အေ-၂၀)ရှိ ငါးလုပ်ငန်းရေပြင်။

ဧရာဝတီငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဘီ-၁၅၊ဘီ-၂၀) (ငါးဖမ်းကွက် အမှတ် စီ၃-နှင့် စီ-၄တွင် ကမ်းခြေမှ ၁၀မိုင် ကမ်းနီးဒေသအတွင်း)ရှိ ငါးလုပ်ငန်းရေပြင်။

မွန်နှင့် တနင်္သာရီငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၃၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀မိနစ်အတွင်းတွင်(ငါးဖမ်းကွက်အမှတ်ဒီ-၂၃၊ ဒီ-၂၈တွင် မြောက်မော့စကော့ကျွန်းနှင့်အလယ်မော့စကော့ကျွန်းကို ဆက်သွယ်သောမျဉ်းဖြောင့်၏အရှေ့ဘက်)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၀၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် အီး-၁၁၊ အီး-၁၇)ရှိ ငါးလုပ်ငန်းရေပြင်။

သို့ဖြစ်ပါ၍ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါး၊ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း အထက်ဖော်ပြပါတည်နေရာများ၌ ငါးဖမ်းဆီးခြင်းမပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန။

အမျိုးသမီးများ အခွင့်အရေးဆိုင်ရာဟောပြော

ချောင်းဦး မေ ၃၁

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်အမျိုးသမီးရေးရာအဖွဲ့က အမျိုးသမီးများရရှိပြီးသော အခွင့်အရေးများဆိုင်ရာ ဟောပြောပွဲ အခမ်းအနားကို မေ ၂၆ ရက်က ကင်မွန်းတော်ကျေးရွာ တွဲဖက်အလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန်းတင်တင်နွဲ့က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာနှင့် ပတ်သက်သော အခြေခံ အချက်အလက်များအား ဒေါ်သန်းထိုက်က ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသမီးများ ဘဝလုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ ဒေါ်မြတ်မော်မော်က ရှင်းလင်းပြောကြားပြီး အမျိုးသမီးများလူကုန်ကူးမှုဆိုင်ရာအချက်အလက်များကို ဒေါ်စန်းစန်းဦးက ရှင်းလင်း ဟောပြောကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၄ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်သမ်းက ထန်းတပင်မြို့နယ် ရဲစခန်းမှူး ရဲအုပ်ဝင်းမြင့်သို့ ပညာသင်စရိတ် ပေးအပ်စဉ်။

(ဝ၄၆)

ဇွန် ၄ ရက်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟို)၏ ပညာသင်ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မွန်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်က ထူးချွန်ကျောင်းသူသုံးဦးကို တစ်ဦးလျှင် ကျပ်တစ်သိန်းစီ ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။ (၁၆၈)

ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့်

ပဲခူး ဇွန် ၃

ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာရှိ ဝေဠုဝန်စာသင်တိုက်၏ အမှတ်(၁၇) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၉ရက်တွင် အဆိုပါစာသင်တိုက် ပရိဝုဏ်အတွင်း၌ကျင်းပရာ ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ကြေးနီကန်ဆရာတော်က ဩဝါဒကထာမြွက်ကြားပြီး ပဲခူးမြို့နယ်ပညာရေးမှူး ဦးအေးချိုက ပညာရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် မြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကြီးကြပ်မှုအဖွဲ့ အတွင်းရေးမှူး ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ နန္ဒာဝံသက အဖွင့်ဩဝါဒကထာ မြွက်ကြားတော်မူပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့ နာယက ဦးကြီးညွန့်က ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ ဝေဠုဝန်စာသင်တိုက် အမှတ်(၁၇) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တပညောဘာသ (M°.°A)က ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပညာသင်ကြားပေးမည့် အခြေအနေများကို ရှင်းလင်းမိန့်ကြားတော်မူသည်။

ထို့နောက် အမှတ်(၁၇) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အတွက် အလှူရှင် ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်စိုး၏ အလှူငွေကျပ်လေးသိန်းအပါအဝင် အလှူရှင် ၁၁ ဦးတို့က စုစုပေါင်း အလှူငွေကျပ်ရှစ်သိန်းကို ပေးအပ်လှူဒါန်းကြရာ ပဲခူးတိုင်း လက်ထောက်ပညာရေးမှူး (စစ်ဆေးရေး)ဦးသိန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြိုင်တို့က လက်ခံကြသည်။

အဆိုပါကျောင်းတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူ ၁၇၅ ဦးတို့ကို အဆိုပါကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တဉာဏနှင့် ဘုန်းတော်ကြီးနှစ်ပါး၊ ဆရာ ဆရာမလေးဦးတို့ဖြင့် လက်ခံသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

မေ ၃၀ ရက်က မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလား မိုးရာသီ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ကျိုက်ပိကျေးရွာ အားကစားကွင်း၌ ကျင်းပရာ ပထမတံခွန်စိုက်ဖလားဆုရရှိသော ဖိုးခမီ ဒေါင့်ကျေးရွာ ဘောလုံးအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တံခွန်စိုက်ဖလားဆုနှင့် ဆုငွေကျပ် တစ်သိန်းပေးအပ်စဉ်။ (၀၉၇)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ပိုးလောက်လမ်းနှိမ်နှင်း

နတ်တလင်း ဇွန် ၅

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် သွေးလွန်တုပ်ကွေး ကာကွယ်ရေး၊ ပိုးလောက်လမ်းနှိမ်နင်းလှုပ်ရှားမှု ရက်သတ္တပတ်ဆောင်ရွက်ရာ မေ ၃၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့်အဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှလှတင်နှင့်အဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့က မြို့ပေါ်လေးရပ်ကွက်ရှိ အထက၊ အလက၊ အမက ကျောင်းများအားလုံးကို ဆေးဖျန်းကြကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့နှင့် ပညာသင်စရိတ်ထောက်ပံ့လှူဒါန်းပွဲ ကျင်းပ

မိုင်းဖြတ် ဇွန် ၃

မိုင်းဖြတ်မြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့နှင့် ပညာသင်စရိတ် ထောက်ပံ့လှူဒါန်းပွဲကို မေ ၂၉ ရက်က အထကဝင်း သိပ္ပံခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အဖွဲ့ဝင်(၂) ဦးမြင့်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး ချို့တဲ့ကျောင်းသားကျောင်းသူ ၁၂၄ ဦးအတွက် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အသီးသီးတို့က ပေးအပ်လှူဒါန်းရာ သက်ဆိုင်သူတို့က လက်ခံရယူကြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးမြင့်ဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများရေရှည်တည်တံ့ခိုင်မြဲကောင်းမွန်ရန်အတွက် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မေ ၂၄ရက်က ဆေးရုံတဲကြီးကုန်းလမ်းနှင့် အနောက်လမ်းဆုံချိုင့်ခွက်များ ပြုပြင်ဖာထေးခြင်းကို အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ကိုကိုတို့က ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

သီပေါမြို့ ကြာဖြူလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

သီပေါ မေ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အုတ်ကျင်းရပ် ကြာဖြူလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက်က အဆိုပါလမ်းသစ်ဖွင့်ပွဲ မုခ်ဦးရှေ့၌ကျင်းပရာ လမ်းသစ်ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အဆိုပါ ကြာဖြူလမ်းသစ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကတ္တရာပံ့ပိုးမှုနှင့် သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် မြို့ပြ(လမ်း) ရန်ပုံငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်သည့် လမ်းအရှည်ပေ ၇၂၀နှင့် အကျယ် ၁၂ ပေ ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသော ပျဉ်ပုံအုပ်စု၊ ကူကြီးရွာသစ်တွင် ကျေးလက်အိမ်ရာ တည်ဆောက်ပြီးစီးမှုများကို ဇွန် ၁ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေ ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ဝေတို့က ရှင်းလင်းပြောကြားစဉ်။ (၄၀၃)

စီမံကိန်းတာဝန်ပေးအပ်ပွဲ ကောလင်းမြို့၌ ကျင်းပ

ကောလင်း ဇွန် ၁

ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စီမံကိန်း ဦးစီးဌာနတို့မှ ကြီးကြပ်မှုဖြင့် ၂၀၀၄-၂၀၀၅ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ ရက်က မြို့နယ်အစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်က အမှာ စကားပြောကြားပြီး မြို့နယ်စီမံကိန်း ဦးစီးမှူးဦးဝင်းက ဆောင်ရွက်မည့် စီမံကိန်းရည်မှန်းချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းလွင်က ဌာနဆိုင်ရာများအား စီမံကိန်းတာဝန်များကို ပေးအပ်ကြောင်း သိရသည်။ **(၀၂၆)**

မေ ၂၅ ရက်က ခရမ်းမြို့နယ်စည်ပင်သာယာ လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်ထွန်းနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ ခရမ်းမြို့ ၃ရပ်ကွက် ၂ လမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းအတွင်းရှိ အမှိုက်များနှင့် မြေကြီးများကိုသယ်ယူကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဌေးဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မင်းဦးတို့ မြို့ရေပေးရေး လေးရွာကန်တွင် ဇွန် ၆ ရက်က သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

အေအိုင်ဒီအက်စ်ကာကွယ်တားဆီးရေးရက်တိုသင်တန်းဖွင့်

ပျဉ်းမနား ဇွန် ၅

ပျဉ်းမနားမြို့နယ် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့်မြို့နယ်ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့တို့ကဦးဆောင်၍ မြို့နယ်ပညာရေးဌာနနှင့်ပူးပေါင်းကာ ထေရဝါဒဗုဒ္ဓသာသနာ အဆုံးအမဖြင့် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်ဖြင့် အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေး ရက်တိုသင်တန်းဖွင့်ပွဲအခမ်းအနားကိုဇွန်၅ ရက်က ပျဉ်းမနားမြို့ အထက(၁) ရတနာမွန်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင် **(အပေါ်ပုံ)** ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဦးညွန့်လှိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ရှိန်၊ မြို့နယ်သာသနာရေးမှူး ဦးတင့်အောင်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက မြို့နယ်ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ နာယက ဦးကျော်ရှင်း (ကျော်ရှင်း ပျဉ်းမနား)နှင့် သင်တန်းတာဝန်ခံ ဆရာဦးဝင်းစိန်တို့က အမှာစကား ပြောကြားကြသည်။

အဆိုပါ သင်တန်းကို ရန်ကုန်မြို့မှ ဆရာမများနှင့် မြို့နယ်တွင်းရှိ အထက်တန်း၊ အလယ်တန်းပြ ဆရာ ဆရာမ ၂၀၁ဦး တက်ရောက်ကြကြောင်း သိရသည်။ **(၁၀၁)**

မေ ၂၈ရက်က ငပုတောမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် ဗိုလ်တေဇလမ်း မြောင်းကူးတံတား အလျားပေ ၃၀၊ အကျယ် ၄ပေ အမြင့် ၄ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ငပုတောမြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိဦးအောင်ဌေးနှင့်အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) ဦးအောင်ကိုကိုတို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲ မြောင်းမြခရိုင် ရဲတပ်ဖွဲ့ရုံးတွင်ကျင်းပ

မြောင်းမြ ဇွန် ၆

ဧရာဝတီတိုင်း၊ မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သားသမီးများ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ ရက်က မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးသူက ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တက္ကသိုလ်ဆင့်၊ အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့် ကျောင်းသား ကျောင်းသူ ၅၉ ဦးတို့အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေကို ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးသူကလည်းကောင်း၊ ချို့တဲ့ ကျောင်းသားကျောင်းသူ ၁၃ ဦးအတွက် ထောက်ပံ့ငွေကို မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်စန်းရီကလည်းကောင်း ဌာနခွဲများသို့ ပေးအပ်ကြသည်။ **(အောက်ပုံ)(က–ပ)**

ဇွန် ၃ ရက်က ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် အိုင်သပြု–ပေါက်ကုန်း ကွန်ကရစ်တံတားတည်ဆောက်မှုကိုဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်က ကွင်းဆင်းကြပ်မတ်စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

အေအိုင်ဒီအက်စ်တားဆီးကာကွယ်တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းစည်းဝေး

လှိုင်းဘွဲ့ ဇွန် ၁

လှိုင်းဘွဲ့မြို့နယ် အေအိုင်ဒီအက်စ်တားဆီးကာကွယ်တိုက်ဖျက်ရေးကော်မတီက ကြီးမှူးကျင်းပသည့် အေအိုင်ဒီအက်စ် တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို မေ ၂၆ ရက် နံနက် ၁၀ နာရီက လှိုင်းဘွဲ့မြို့ မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဖုံသာက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်းက အေအိုင်ဒီအက်စ်ရောဂါ တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် အေအိုင်ဒီအက်စ်နှင့်ကာလသားရောဂါ တိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်ရင်က အေအိုင်ဒီအက်စ်ရောဂါ တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်း ပူးပေါင်းလုပ်ဆောင်ရမည့် အချက်များကို ရှင်းလင်းပြောကြားပြီး ကလေးသူငယ်စောင့်ရှောက်ရေးတာဝန်ခံ ဒေါ်နန်းသန်းသန်းလွင်က အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ပူးပေါင်းဆောင်ရွက်မှုတွင် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ ရှင်းလင်းပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မေ ၂၉ရက်ကကျင်းပသည့် ဆီဆိုင်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် မြို့နယ်တွင်းရှိ လုပ်ငန်းရှင်များမှ ထည့်ဝင် လှူဒါန်းသော အလှူငွေကျပ် ၇၀၀၀၀၀ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးယဉ်ထွေးက မြို့နယ်ပညာရေးမှူး ဒေါ်နန်းငွေငွေသို့ လွှဲပြောင်းပေးအပ်စဉ်။ (၀၄၈)

လယ်ယာမြေစုပေါင်းဖော်ထုတ်ပွဲ ချောက်မြို့၌ကျင်းပ

ချောက် ဇွန် ၁

မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းနှင့် ခရိုင်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များလိုက်ပါ၍ မေ ၂၆ ရက်က ချောက်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအေးဟန်နှင့် တာဝန်ရှိသူများက ချောက်မြို့နယ် စလေကျေးရွာအုပ်စု – ဥမင်ကိုးပေါက် မြစ်ရေတင်စီမံကိန်း ထပ်ဆင့်ရေတင်စက် Dy 2 အနီး လယ်ယာမြေ ၂၇၅ ဧက စုပေါင်းဖော်ထုတ်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက်ရေမြောင်း အုတ်စီခြင်းလုပ်ငန်းနှင့် ရေတင်နိုင်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ခရိုင်ရေအရင်းအမြစ် အသုံးပြုရေးဦးစီးဌာနမှ ဦးတင်လင်းနှင့် ဥမင်ကိုးပေါက်မြစ်ရေတင်စီမံကိန်းတာဝန်ခံ ဦးကျော်ဆန်းဌေးတို့က ရှင်းလင်းတင်ပြကြသည်။ **(အောက်ပုံ)**

အလားတူ စုပေါင်းလယ်ယာမြေဖော်ထုတ်မှုကိုဧက၁၅၀၀အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

နမ့်ခမ်းမြို့မဈေးကြီး သန့်ရှင်းရေးဆောင်ရွက်

နမ့်ခမ်း ဇွန် ၁

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဈေးသန့်ရှင်းသပ်ရပ်သာယာလှပစေရေးလုပ်ငန်းအဖြစ် မြို့မဈေးကြီး အတွင်းအပြင် ရေမြောင်းများဆယ်ယူခြင်းတို့ကို မေ ၂၈ ရက် မွန်းတည့် ၁၂ နာရီကဆောင်ရွက်ကြသည်။

ယင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်လှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုး၊ တာဝန်ခံ အင်ဂျင်နီယာဦးသက်နိုင်ဦးနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့ပေါ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မဲဇလီကုန်း–တုံးတူလမ်း ကျောက်ချောခင်းရန် မြေသားလမ်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

အင်္ဂပူ ဇွန် ၆

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် အင်္ဂပူမြို့နယ်၊ မဲဇလီကုန်း–တုံးတူလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြေသားလမ်းဆောင်ရွက်မှုများကို ဇွန်၅ရက်က ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်စိုးနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးလှဦးတို့က မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။ **(ဝဲပုံ)**

